


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# မချုန်းဘဲနဲ့ ရွာတဲ့မိုး

# စာမတတ်ပေမယ့်ကျွတ်တမ်းဝင်တယ်

(၁၃၁)

ဟောကြားသည့်နေ့
၁၂-၁၀-၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# မချုန်းဘဲနဲ့ရွာတဲ့မိုး

# စာမတတ်ပေမယ့် ကျွတ်တမ်းဝင်တယ်

စာမူခွင့်ပြုချက် အမှတ် - ၇၉၆/၂၀၀၀ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၅၃ / ၂၀၀၀(၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ
တန်ဖိုး - (      )

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသော တရားတော်

# မချူန်းဘဲနဲ့ရွာတဲ့မိုး
# စာမတတ်ပေမယ့် ကျွတ်တမ်းဝင်တယ်

ဒကာဒကာမတို့ တရားနာတာက ဗဟုသုတ အင်မတန် များပါတယ်၊ တရားသာနာပြီး တရားအားမထုတ်ကြပြန်လျှင်လည်း၊ နေရာမကျသေးဘူး ဆိုတာကိုလည်း မှတ်စေချင်တဲ့ သဘောနဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မိုးလေးမျိုး ဥပမာနဲ့ ပြတယ်။

## ခန္ဓာကိုယ်ဉာဏ်လှည့်တရားနာ

တရားနာ တရားနာဆိုတဲ့ဥစ္စာ ခန္ဓာမှာမရောက်သေး ခန္ဓာကို ဉာဏ်လှည့်ပြီး မနာလို့ရှိရင်ဖြင့် တရားနာတာသည် ကားလို့ ဆိုရင် စာသင်တာနဲ့ အတူတူပဲ။

ခန္ဓာကိုယ် ဉာဏ်လှည့်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် ယထာဘူတဉာဏ်ရသွားတဲ့အတွက် ဒကာဒကာမတို့ အလွန်ကျေးဇူးများလိမ့်မယ်ဆိုတာ မှတ်ထားဖို့ပဲ . . . (မှန်ပါ့)။

အဲ့ဒါတွေ စိုးရိမ်တဲ့အတွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိုးလေးမျိုး ဥပမာနဲ့ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ ဟောရှာတယ် ဘယ်လိုဟောလိုက်တုံးဆိုတော့. . .။

## မိုးလေးမျိုး

ချုန်းသာချုန်း၍ မရွာသောမိုးတစ်မျိုး (၁) တစ်နံပါတ်မိုးက ဘာပါလိမ့်. . . (ချုန်းသာချုန်း၍ မရွာသော မိုးပါဘုရား) (၂) နှစ်နံပါတ်မိုးသည်ကား ဆိုလို့ရှိရင်ဖြင့် မချုန်းဘဲနဲ့ရွာတဲ့မိုး ဒါ နှစ်နံပါတ်က မချုန်းပဲနဲ့ ရွာတဲ့မိုးနော် . . . (မှန်ပါ့)။

(၃) သုံးနံပါတ်ကတော့ ချုန်းလည်း မချုန်းရွာလည်း မရွာတဲ့ မိုးလို့ သုံးနံပါတ်ကို မှတ်ထားကြပါ။

(၄) လေးနံပါတ်ကတော့ မောင်နိုင်၊ မောင်ဘမှီတို့ ချုန်းလည်း ချုန်း ရွာလည်းရွာတဲ့ မိုးလို့ မိုးဘယ်နှစ်မျိုးပါလိမ့် . . . (မိုးလေးမျိုးပါဘုရား)။

ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ ဒကာဒကာမတွေ စိုးရိမ်ကြောင့်ကြတော်မူသောကြောင့် ဤလေးချိုးနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်းပေးလို့ ရတဲ့ သဗ္ဗညုတဉာဏ်တော်နဲ့ ချိန်တဲ့အခါမှာ အယူအဆတွေ အမျိုးမျိုးအဖုံဖုံ လွဲနေမှာ စိုးတဲ့အတွက် ကိုစောမောင် မိုးလေးမျိုးကို ပြောတယ် . . . (မှန်ပါ့)။

မိုးလေးမျိုးကို ပြောလာတယ် ဒကာဒကာမတို့ ပထမမိုးက ချုန်းသာချုန်းတယ် မရွာဘူး၊ ဒုတိယမိုးက . . . (မချုန်းဘဲနဲ့ရွာပါတယ်ဘုရား) မချုန်းပဲနဲ့ ရွာပါတယ်။

တတိယမိုးကတော့ . . . ချုန်းလည်းမချုန်း ရွာလည်းမရွာတဲ့ မိုးပါဘုရား)။

စတုတ္ထမိုးကတော့ . . . (ချုန်းလည်းချုန်း ရွာလည်းရွာတဲ့မိုးပါဘုရား)။

## အလုပ်လုပ်ပါစေတော့လို့ ဟောတာ

အဲ့ဒီကဲ့သို့ ဒကာဒကာမတို့ မိုးလေးမျိုးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတာသည်၊ ဘုန်းကြီးတို့၏ ဒကာဒကာမတွေ စဉ်းစားပြီးသကာလ၊ ဩော် ဒါအလုပ်ဖြစ်ပါစေတော့ ဆိုတဲ့ အာသီသ ဆန္ဒရှိလို့ ဟောတာပဲလို့ မှတ်ထားရမယ်နော် . . . (တင်ပါ့)။

အလုပ်လုပ်ပါစေတော့လို့ ဟောတာပဲလို့ ကောက်နုတ်ချက်ချလိုက်တဲ့အခါ မောင်နိုင် မောင်ဘမိုတို့ အလုပ်လုပ်ဖို့ ဟောတာပဲဆိုတာ မှတ်ထားရမယ် . . . (မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ အလုပ်လုပ်ဖို့ဟောတာကို ကျုပ်တို့ ခင်ဗျားတို့သည်ကား ဆိုလို့ရှိရင်ဖြင့် အလုပ်နဲ့ပဲ စခန်းသိမ်းရမှာပဲဆိုတာ ဒကာဒကာမတို့ မှတ်ထားကြပါ . . . (မှန်ပါ့)။

## ၁။ ချုန်းသာချုန်း၍ မရွာသောမိုး

ကောင်းပြီ ဒါဖြင့် ချုန်းသာချုန်း၍ မရွာသော မိုးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ တရားကိုစာကိုအမျိုးမျိုး အဖုံဖုံတွေကို ကိုယ့်စိတ်ထဲမှာ ထင်လည်းထင်တယ် မှတ်လည်း မှတ်မိတယ်။

သို့သော် သစ္စာသိအောင်တော့ အလုပ် မလုပ်ဘူး၊ သစ္စာကို ပဋိဝေဓဉာဏ်နဲ့ သိအောင် အလုပ်မလုပ်ဘူးဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဒီဥစ္စာ ဘာပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် သိသာသိ၍ မလုပ်လို့ရှိရင် ချုန်းသာချုန်း၍ မရွာသောမိုးနဲ့တူတယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါ. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ . . . ဒါဖြင့် တရားအမျိုးမျိုးတွေနဲ့ ဗဟုသုတ အမျိုးမျိုးတွေရှာ၊ အဲဒီလိုရှာပြီး သကာလ သစ္စာသိတဲ့အလုပ်ကို ပဋိဝေဓဉာဏ်တို့နဲ့ သိအောင် မလုပ်လို့ရှိရင်၊ ချုန်းသာချုန်းတာပေ့တဲ့မရွာဘူးတဲ့ . . . (မှန်ပါ့) ကဲ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ အင်း သိပြီးသကာလ နေပြားသော်လည်း၊ သစ္စာသိအောင် ကျင့်မယ့်အကျင့် မလာလို့ရှိရင် ဘာမိုးနဲ့ တူတုံး (ချုန်းသာချုန်း၍ မရွာသောမိုးနဲ့တူပါတယ်ဘုရား)။

တစ်နံပါတ်မိုးနဲ့တူတယ်၊ ချန်းသာချန်း၍မရွာသော မိုးနဲ့တူတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ် ဘုရား )။

## ၂။ မချုန်းဘဲနဲ့ရွာတဲ့မိုး

နှစ်နံပါတ်ကတော့ ဒကာဒကာမတွေ၊ အခင်း ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ တစ်လုံးတစ်ပါဒ၊ ဤ ဆရာသမားတွေဟောတော်မူတဲ့ တစ်လုံးတစ်ပါဒ၊ ဝေဒနာ၊ စိတ်ဖြင့်စိတ်၊ ရုပ်ဖြင့်ရုပ် သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးသော ဝတ္ထု **ဝေဒနာလေး**ပဲ ကိုယ့်ဉာဏ်ထဲက တည့်တာလေးပဲ ကြိုးစားပြီးသကာလ နေရင်းမတ္တနဲ့တဲ့အဖြစ်အပျက်ဆိုတဲ့ ဒုက္ခသစ္စာ သူသွားတွေ့တယ်။

ထိုကဲ့သို့ သစ္စာတွေ့တဲ့ အခါကျလို့ရှိရင်၊ သစ္စာဆိုတာ ဒုက္ခပိုင်းခြားနိုင်လို့ရှိရင်ဖြင့် သစ္စာလေးချက်ဟာ တစ်ပြိုင်နက် ထင်ပါတယ် နော် . . . (တင်ပါ့)။

## စာမတတ်၊ ဗဟုသုတမရှိ၊ အလုပ်လုပ်တယ်

ဒါကြောင့်စာက ဗဟုသုတတော့မရှိဘူးတဲ့၊ တစ်ခု တည်းထားပြီး သကာလအလုပ်လုပ်လိုက်တဲ့အတွက်၊ သူ သစ္စာကိုသိသွားတယ်လို့ဆိုလို့ရှိရင်ဖြင့်၊ ဗဟုသုတလည်းမရှိ

စာပေကျမ်းဂန်လည်းမတတ်၊ အင်း သူ့အလုပ်သည်ကားလို့ ဆိုရင်ဖြင့်၊ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကိုသစ္စာ ဆိုက်အောင်လုပ်လိုက်တဲ့အတွက်၊ သူခရီးပေါက်သွားတယ် (မှန်ပါ့)။

ဒါကတော့ ဒုတိယ မောင်နိုင်၊ မောင်ဘမှီတို့ မိုးနဲ့ တူတယ်နော် . . . (တင်ပါ့)၊ ချွန်းကောချွန်းလား . . . (မချွန်းပါဘုရား) ရွာတော့ . . . (ရွာပါတယ်ဘုရား)။

အဲဒီလိုပါပဲတဲ့ ဒကာဒကာမတို့၊ ဒုတိယမိုးသည်ကား လို့ဆိုလို့ရှိရင်၊ စာမတတ် ပေမတတ်နဲ့ နေငြားသော်လည်း၊ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးဖြစ်ပျက် အနိစ္စကို မြင် ပြီးသကာလ၊ အနိစ္စမုန်း အနိစ္စဆုံးဆိုတဲ့ ဒုက္ခအဆုံးကို အနိစ္စ ဒုက္ခသစ္စာ အဆုံးကို မြင်သွားပြန်လို့ ရှိရင်လည်းတဲ့၊ လိုရာ ကိစ္စပြီးသွားတယ်လို့ မဆိုထိုက်ဖူးလား . . . (ဆိုထိုက်ပါ တယ်ဘုရား)။

ဒါက ဘယ်မိုးနဲ့တူတာတုံး . . . (ဒုတိယမိုးနဲ့တူ တာပါဘုရား) ဩော် . . . မချွန်းဘဲနဲ့ ရွာတယ်ဆိုတာကော သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ၃။ ချုန်းလည်းမချုန်း ရွာလည်းမရွာတဲ့မိုး

တတိယမိုးကတော့ ဗဟုသုတလည်းမရှိ စာပေကျမ်းဂန်လည်းမတတ်သေး၊ သစ္စာသိအောင်လည်း တဖြည်းဖြည်းရှုမှတ်ပြီး သကာလအလုပ်မလုပ်ဘူး၊ ဤကဲ့သို့ ပုဂ္ဂိုလ်တွေလည်းဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှိသေးတယ်ဆိုတဲ့အဖြစ်သိပါစေလို့၊ ချုန်းလည်းမချုန်း သစ္စာမသိသောကြောင့်ရွာလည်းမရွာ၊ ဒါဘာမိုးနဲ့တူပါလိမ့် . . . (တတိယမိုးနဲ့တူပါတယ်ဘုရား)။

တတိယမိုးနဲ့တူတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ၄။ ချုန်းလည်းချုန်း ရွာလည်းရွာတဲ့မိုး

ဩော် . . . . စတုတ္ထမိုးကတော့ဖြင့်တဲ့ ပရိယတ်တွေ၊ ကျမ်းဂန်တွေကအမျိုးမျိုးအဖုံဖုံ၊ တရားဓမ္မတွေက အမျိုးမျိုးအဖုံဖုံနာပြီးသကာလ၊ ဩော် . . . အားထုတ်တဲ့အခါ၊ ကျပြန်တော့တစ်ခုမှတ်ပြီး သစ္စာလေးပါးကို တစ်ခါတည်းဒုက္ခသစ္စာပိုင်းခြားနိုင်တဲ့ ဉာဏ်ရအောင် ကြိုးစားလိုက်ပြန်တော့ သူကတော့ဖြင့် ချုန်းလည်းချုန်း ရွာလည်းရွာတဲ့ မိုးနဲ့တူတယ်လို့ ဒကာဒကာမတွေမှတ်ရလိမ့်မယ် . . . . (မှန်ပါ)။

ဒါကြောင့် ဒီထဲမှာ တရားနာတဲ့အထဲမှာ ဒီလေးဦး ထဲကဖြင့် ဒကာဒကာမတို့ ပထမမိုး၊ ပထမမိုးက မောင်နိုင် ဘာတဲ့ . . . (ချုန်းသာချုန်းပြီး မရွာတဲ့မိုးပါဘုရား) မရွာဘူး။

အဲဒီ ပထမမိုး အဖြစ်မှလည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လွတ်ကြပါစို့လို့ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ပထမမိုး အဖြစ်ဆိုတာကတော့ ဗဟုသုတ ကျမ်းဂန် စာပေကျွန်းဂန်တွေတော့ရှိပါရဲ့၊ ခုနက သစ္စာဆိုက်အောင် သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကို အလုပ်မလုပ်ဘူး နော် . . . (မှန်ပါ့)။

## စာတတ်ပြီး၊ အလုပ်မလုပ်တဲ့လူ

ထိုကဲ့သို့မလုပ်ခဲ့တဲ့ သူသည်ကားလို့ဆိုလို့ရှိရင်ဖြင့်၊ အင်း . . . ချုန်းသာချုန်း၍ မရွာသောမိုးဖြစ်နေတော့ ဒါ လည်းတော်ပါ့မလား . . . (မတော်ပါဘူးဘုရား)။

နိဗ္ဗာန်မဂ်ဖိုလ်ဆိုတဲ့ ဥစ္စာ ဒုက္ခ ပိုင်းခြားမှ နိဗ္ဗာန်မြင် မှာကိုး၊ ဒုက္ခမပိုင်းခြားပဲနဲ့ နိဗ္ဗာန်မြင်နိုင်ပါ့မလား (မမြင်နိုင် ပါဘူး)။

ဒုက္ခ အဆုံးမှာ နိဗ္ဗာန်ရှိတယ်၊ **ဒုက္ခဿအန္တံ ကရိဿ တိ၊**

**ဒုက္ခဿ** = ဒုက္ခ၏၊ **အန္တံ** = အဆုံးကို၊ **ကရိဿတိ** = မျက်မှောက်ပြုနိုင် လတ္တံ့ လို့ သံယုတ် ပါဠိတော်မှာ လာထား တဲ့အတွက်၊ ဒကာ ဒကာမတို့ ဒုက္ခအဆုံးရောက်အောင်လုပ် နိုင်မှသာလျှင်၊ အဖိုးတန်ကြတော့မယ် ဆိုတာကော၊ သဘော ပါကြပလား . . . (ပါ ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ချန်းသာချန်း၍ မရှာဆိုတော့ တော်ပါ့မလား . . . (မတော်ပါဘူး ဘုရား) အင်း . . . စာပေကျမ်းဂန်တွေ အမျိုးမျိုး အဖုံဖုံတတ်ပြီးသကာလ နေ ငြားသော်လည်း၊ လုပ်ရိုးအလုပ်ကို မလုပ်ရလို့၊ သတိပဋ္ဌာန် အလုပ်ကို မလုပ်ပဲနဲ့နေခဲ့သော် မောင်ဘမှိုတို့ ဘယ့်နှယ့် နေပ့ါ မတုံး (မတော်ပါဘူးဘုရား)။

မတော်ဘူး ဒါရှောင်ရမည့် အလုပ်လို့မဆိုထိုက် ဘူးလား . . . (ဆိုထိုက်ပါတယ်)။

ဒုတိယမိုးကတော့ဖြင့် မချန်းဘဲနဲ့ရွာတယ်ဆိုတော့ ဒကာ ဒကာမတို့၊ စာပေကျမ်းဂန်ကတော့ဖြင့် သူ့မှာဗဟုသု တ ပညာကောင်းတွေ၊ ဆရာကောင်းသမားကောင်းတွေနဲ့ မတွေ့လို့၊ အင်း တွေ့တဲ့ဆရာဆီက ယထာဘူတဉာဏ်က လေးရအောင်လုပ်ပြီးသကာလဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့်

စိတ်၊ ဓမ္မဖြင့်ဓမ္မ၊ ဆိုတော့ ကာယဖြင့် ကာယလေးပါးထဲက တစ်ပါးပါး ရှုပြီးသကာလနေလို့ သစ္စာဆိုက်သွားမယ်ဆိုလို့ ရှိရင်လည်း တဲ့၊ သူကိစ္စပြီးတာပဲလို့ ဆိုတာသဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်တွေကတော့ဖြင့်တဲ့ ဒကာ ဒကာမတို့ မိုးသည်ကားလို့ ဆိုရင်ဖြင့် မချုန်းဘဲနဲ့ ဘာဖြစ်တုံး . . . (ရွာပါတယ်ဘုရား)။

## အသက်အရွယ်ကြီးသူများ၊ မချုန်းဘဲနဲ့ရွာကြပါ

အဲဒီတော့ မချုန်းဘဲနဲ့ရွာတာကိုလည်း၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအသက်အရွယ်ကြီးတော့၊ မချုန်းဘဲနဲ့ရွာတ အဖြစ်ကိုလည်း ခင်ဗျားတို့အရယူကြပါလို့ ပြောလိုက်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီအရွယ်ကြီးတွေကျမှ ပညာတွေသင်ပြီးသကာလ၊ သဒ္ဒါသင်္ဂြိုဟ်က စပြီးသကာလအမျိုးမျိုးအဖုံဖုံ မြတ်စွာဘုရား ပါဠိတော်တွေသင်မယ်ဆိုလို့ ရှိရင်လည်း သေရုံပဲရှိမယ်၊ သူတို့ ခရီးပေါက်စရာ . . . . (မရှိပါဘူးဘုရား)။

အဲဒါတွေမြင်ပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မချုန်းဘဲနဲ့ ရွာတဲ့မိုးလည်းရှိပါသေးတယ်ကွာ ဆိုတဲ့ဥစ္စာကို

လည်းဘုရားဟောထားတဲ့အတွက်၊ ဒကာ ဒကာမတွေကိုယ် လုပ်တဲ့အလုပ်ကို သစ္စာဆိုက်အောင် လုပ်လိုက်ရင်ကိစ္စပြီး တာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါ တယ်ဘုရား)။

## ရှောင်ရမည့်သူ

တတိယ ပုဂ္ဂိုလ်ကတော့ဖြင့် လုံးဝရှောင်ကြဉ်ကြ ပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)အင်း ဗဟုသု တလည်းမရှာ အင်း သစ္စာဆိုက်အောင်လည်း မကြိုးစားဆို တော့၊ မောင်နိုင်၊ မောင် ဘမှီတို့ ဒါကတော့ဖြင့် **သတိမှတ် ရမည့်** အလုပ် . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ တတိယပုဂ္ဂိုလ်ရှောင်ဖို့ နော် (မှန်ပါ့) ။

စတုတ္ထပုဂ္ဂိုလ်ကတော့ဖြင့် ပညာကလည်းတတ်၊ ဗဟုတသုတတွေလည်းများ၊ တကယ်လည်းကြိုးစား သစ္စာ ဆိုက်အောင်ဆိုတော့၊ အလွန်ကောင်းတဲ့ ပုဂ္ဂိုလ်လို့ မဆို ထိုက်ဖူးလား . . . (ဆိုထိုက်ပါတယ်)။

အဲဒါကြောင့်ဒီထဲမှာ ပုဂ္ဂိုလ်လေးမျိုးမှာ၊ မင်္ဂမရထိုက် တဲ့ပုဂ္ဂိုလ်ဟာဘယ်နှစ်မျိုး ပါပါလိမ့်မတုံးလို့ မမေးထိုက်ဘူး လား . . . (မေးထိုက်ပါတယ်ဘုရား)။

ပထမ ပုဂ္ဂိုလ်ရထိုက်ပါတယ် . . . (ရထိုက်ပါတယ်ဘုရား) တတိယပုဂ္ဂိုလ် . . . (မရထိုက်ပါဘူးဘုရား) အင်း . . . ဒုတိယနဲ့စတုတ္ထကလည်း မဂ်ရထိုက်တယ်ဆိုတာ ဘုရားဝေဖန်ပြီး သကာလ ဟောလိုက်ပါတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒီတော့ဘုန်းကြီးတို့ ဒကာ ဒကာမတွေက၊ ဒို့မှာ စာမကြည့်၊ ပေမကြည့်နဲ့ ဖြစ်ပြီးသကာလ နေတဲ့အတွက်၊ ဒီဘဝမဂ်ဖိုလ်ခရီးမှ ရောက်နိုင်ပါ့မလားလို့ ဒီလိုမယူပါနဲ့တဲ့၊ တစ်ခုသောသစ္စာလေးပါး၊ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကို ဖြစ်ပျက်မြင်အောင် ရှုပါ၊ အဖြစ်အပျက်မှန်းအောင် ရှုပါ၊ အဖြစ်အပျက်ဆုံးအောင်ရှုပါ ဆိုတာ ဒုက္ခအဆုံးမြင်အောင်ရှုပါပြောတာပဲ . . . (မှန်ပါ့)။

ဒုက္ခပိုင်းခြားပါလို့ ပြောလိုက်တာပဲ . . . (မှန်ပါ့) ရှင်းကြလား . . . (ရှင်းပါတယ်ဘုရား)။

ဤကဲ့သို့ ကြိုးစားလို့ ရှိရင်ဖြင့် ဒီထဲမှာ ဒုတိယပုဂ္ဂိုလ်လည်းပါကြမှာပဲ . . . (မှန်ပါ့) သို့သော် ဒီစတုတ္ထပုဂ္ဂိုလ်ဖြစ်ဖို့အရေးကတော့ဖြင့် မလွယ်ဘူးပေါ့ဗျာ . . . (မှန်ပါ့)။

မလွယ်ဘူးတဲ့၊ သဗ္ဗညုတ ဉာဏ်ဆိုတာ ယုန်သူငယ်ခြေနဲ့တောက်ပြီး သကာလ၊ ပင်လယ်ကြီးထဲမှာ ယုန်သူငယ်

ခြေနဲ့ထောက်တဲ့အခါကျတော့ မောင်နိုင်၊ မောင်ဘမှီတို့ အကုန်မှီပါ့မလား . . . (မမှီပါဘူးဘုရား)။

စမ်းထောက်ရတာချည့်ပဲ ဆိုတာကော သဘော ကျပလား . . . (ကျပါတယ်) စမ်းထောက်ရတာပဲ။

ဒါကြောင့်ဒကာ ဒကာမတို့၊ ဒုတိယပုဂ္ဂိုလ်ဖြစ်ရင် လည်းကောင်းကြ၏၊ စတုတ္ထပုဂ္ဂိုလ်ဖြစ်ရင်လည်းအလွန့်အ လွန်ကောင်း၏ ဆိုတာကို၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ဟောတယ်။

ဟောတော့များသောအားဖြင့် ဒုတိယပုဂ္ဂိုလ်များကြ လိမ့်မယ်လို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)

အဲတော့ခုတရားနာလာကြတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ၊ ဪ . . . ညည်းလုံးတော့ဖြင့် မထုတ် လိုက်ပါနဲ့လို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

## စာပေမတတ်လို့ အားမငယ်လိုက်ပါနဲ့

စာကလည်းမတတ်၊ ပေကလည်းမတတ်နဲ့၊ ဒို့မှတ်ပြီး ဆရာသမားပြောတာလုပ်နေရတာပဲလို့ ဒီလိုအားမငယ် လိုက်ပါနဲ့တဲ့၊ မချန်းပဲနဲ့ရှာတဲ့မိုးမျိုးလည်း ရှိပါတယ်လို့ပြော လိုက်တယ် . . . (မှန်ပါ့) သဘောကျရဲ့လား . . . (ကျပါ တယ်ဘုရား)။

ကောင်းပြီ ဒါဖြင့်ချုန်းလည်းချုန်း ရွာလည်းရွာတဲ့ မိုးဆိုရင်အလွန့် အလွန်ကောင်း၊ စာပေကျမ်းဂန်တွေလည်းတတ်၊ အလုပ်လည်း သစ္စာဆိုက်အောင် အလုပ်လုပ်မယ်ဆိုရင်၊ အလွန်ကောင်းတယ် ဆိုတာတော့ဖြင့် ပြောဖို့လိုသေးသလား . . . (မလိုပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ အားမငယ်စရာ ဒုတိယ ပုဂ္ဂိုလ်အားငယ်စရာပါရဲ့လား . . . (မပါ ပါဘူး ဘုရား)။

အဲဒီနှစ်ယောက်ဖြင့် ဒကာ ဒကာမတွေ ဒုတိယနဲ့လည်းမဂ်ရတာပဲ၊ စတုတ္ထအဖြစ်နဲ့ကော . . . (ရပါတယ် ဘုရား)။

အဲဒါကြောင့် အားငယ်စရာမရှိဘူးဆိုတာလည်း သဘောကျပလား . . . (ကျပါတယ်ဘုရား) အားငယ်စရာ မရှိဘူးဆိုတာ သဘောကျပါ။

ဘာကြောင့် သဘောကျခိုင်းရပါသတုံးလို့ မေးတဲ့အခါကျတော့မှ စာဆိုတဲ့ဥစ္စာဘယ်အချိန်က စပေါ်တယ်ဆိုတာဆင်ခြင်ယူလိုက်ရုံပေါ့နော် . . . (မှန်ပါ့)။

**စာဘယ်အချိန်ကစပါလိမ့်**

စာဘယ်အချိန်ကစပြီး သကာလ၊ စာရယ်လို့ဖြစ်ထွန်း

ပြီးသကာလ စာတွေစုကြပါလိမ့်မလဲလို့ မေးလို့ရှိရင်၊ ဘုရား ပရိနိဗ္ဗာန်စံပြီး ခုနှစ်ဆယ်ရက်လောက်ရှိမှ သင်္ဂါယတနာတင် တယ်ဆိုပြီး စာစုပွဲကြီးလုပ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားပွင့်တာနဲ့၊ သင်္ဂါယတနာတင်တဲ့ စာစု ပွဲနဲ့၊ ဒကာ ဒကာမတွေ ဘယ်သူရှေ့၊ ဘယ်သူနောက်လည်း ဆိုတာလည်း ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဘယ်သူကပါလိမ့် . . . (ဘုရားကရှေ့ပါဘုရား) ဒါဖြင့် စာကနောက်မှ . . . (နောက်မှ) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတင် တစ်ခါစဉ်းစားတော့၊ အင်းဘုရားဖြစ်ပြီး သကာလ ဘုရားဖြစ်ပြီး ဘုရား၏ အလုပ်ကို လုပ်လို့ ကျွတ် တမ်းဝင်သွားတဲ့ ပုဂ္ဂိုလ်နဲ့၊ ဒကာ ဒကာမတို့စာတွေကြည့် ပြီး ပေါ်လာတဲ့ အချိန်ကျမှ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်နဲ့ နှိုင်းယှဉ် လို့ရပ့ါမလား . . . (မရပါဘူး)။

ဘုရားလည်းဖြစ် ဘုရားလက်ထက်က ကျွတ်တမ်းဝင် တာကတယ်များတယ် . . . (များပါတယ်ဘုရား) သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒါကြောင့် ဒါတွေ ထောက်လိုက်သဖြင့်၊ ခြောက် ဘုရားလက်ထက်ကပင်များသောအားဖြင့်၊ နှစ်နံပါတ်မိုးနဲ့တူ

တဲ့ ပုဂ္ဂိုလ်တွေများလိမ့်မယ်ဆိုတာလည်း ခင်ဗျားတို့ သဘောကျဖို့ကောင်းတယ် . . . (ကျပါတယ်ဘုရား)။

## စာမတတ်ပေမယ့်၊ ကျွတ်တမ်းဝင်ကြတယ်

ဘာပြုလို့တုံး စာမကြည့်၊ ပေမကြည့် ပေမယ့်ကျွတ်တမ်းဝင်ကြတယ် . . . (မှန်ပါ့) အဲဒါ ဘယ်ပုဂ္ဂိုလ်ထဲ ရောက် . . . (နှစ်နံပါတ် ပုဂ္ဂိုလ်ထဲရောက်ပါတယ်ဘုရား) နှစ်နံပါတ် ပုဂ္ဂိုလ်ထဲရောက်သွားတယ် ဆိုတာ သဘောကျပလား . . . (ကျပါတယ်)။

ဒါကြောင့် ဘုရားသည် ဘယ်လိုပုဂ္ဂိုလ်တွေကို အများကြီးကျွတ်တမ်းဝင်အောင် ကြိုးစားပါလိမ့်မလဲဆိုတော့၊ **ဧကော ဓမ္မော**ဆိုတော့တစ်ခုတည်းလုပ်ပြီး သတိပဋ္ဌာန် လေးပါးထဲက တစ်ပါးကို ပြသပြီး၊ သစ္စာဆိုက်အောင်ပြပြီးသကာလ၊ ကိုယ်တော်မြတ်ကြီးသည် ကျွတ်တမ်းဆွဲသွားတယ်၊ ကျွတ်တမ်းဝင်အောင်ဆွဲငင်သွားတယ်ဆိုတာ ငြင်းပယ်ဖို့လိုသေးသလား . . . (မလိုပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေလည်း အားမငယ်နဲ့ဆိုတာကို၊ မိုးလေးမျိုး ဥပမာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး **စတုက္ကနိပါတ် အင်္ဂုတ္တိုရ်** မှာ၊ ကိုယ်တော်တိုင်ဖွင့်ဟပြီးသကာလ ပြောတဲ့အတွက်အားငယ်စရာကော ရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့်မှတ်ဖို့ ဝေဒနာရှိတဲ့ပုဂ္ဂိုလ် ဝေဒနာ တစ်လုံးနဲ့သာလိုက်၊ စိတ်ရှိတဲ့ ပုဂ္ဂိုလ်ကကော . . . . (စိတ် တစ်လုံးနဲ့ လိုက်ရမှာပါဘုရား) အင်းရုပ်ရှိတဲ့ပုဂ္ဂိုလ်ကကော (ရုပ်နဲ့ပဲလိုက်ရမှာပါဘုရား) ရုပ်ဆုံးအောင်လိုက်လိုက်ရင်ပြီး တာပဲ။

သစ္စာကြည့်တဲ့ ပုဂ္ဂိုလ်ကရော . . . . (သစ္စာဆုံး အောင်လိုက်ရမှာပါဘုရား) အဲဒုက္ခသစ္စာအဆုံး **ဒုက္ခဿ အန္တ ကရိယဿတိ** ဆိုသဖြင့်၊ ဒုက္ခသစ္စာအဆုံးမှာ **နိရောဓသစ္စာ** ရှိတယ်ဆိုရင်ကော ငြင်းဖို့လိုသေးသလား . . . . (မလိုပါဘူး ဘုရား)။

## နိဗ္ဗာန်ရမှုသည် အလုပ်ပေါ်မှာမှီတယ်

အဲတော့ နိဗ္ဗာန်ရမှုမှာ အလုပ်ပေါ်မှာ မှီခဲ့တယ်ဆို တာမသေချာဘူးလား . . . . (သေချာပါတယ်ဘုရား) ဒါဖြင့် ဒီလေးမျိုးကို ဆရာဘုန်းကြီး ယနေ့ ပြောလိုက်သဖြင့်၊ စာမ တတ်ပေမတတ် သမားကလည်း ဒကာ ဒကာမတို့ မဂ်ဖိုလ် ရောက်တယ်ဆိုတဲ့အကြောင်းကို ထောက်ခံချက်ပေးလိုက်ပါ တယ် . . . . (မှန်ပါ့)။

စာတတ်ပေတတ်လည်း မဂ်ဖိုလ်ကိုအလုပ်လုပ်ရင် မဂ်ဖိုလ်ရောက်တယ်ဆိုတာကို ဘုရားထောက်ခံချက်မပေး ဘူးလား . . . . (ပေးပါတယ်)

ဒါဖြင့် ဒီနှစ်မျိုးထဲကသာ ဖြစ်ကြပါစေဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေအား လေးလေးနက်နက်တိုက်တွန်းတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အလုပ်သဘောကို ပြောကြပါစို့ ဒကာ ဒကာမတို့၊ အလုပ်သဘောဆိုတာသည် ပညာ။

ပညာဆိုတာဟာတဲ့၊ ထိုးဖောက်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်နော်၊ ပညာဆိုတာ ဘာပါလိမ့် . . . (ထိုးဖောက်နိုင်တဲ့ စွမ်းရည်သတ္တိရှိပါတယ်ဘုရား)။

ထိုးဖောက်စရာရှိတဲ့နေရာမှာ ထိုးဖောက်နိုင်တဲ့စွမ်းရည်သတ္တိရှိတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘယ်လိုနေရာထိုးဖောက်ပါလိမ့်မတုံးဆိုတော့၊ ကျုပ်တို့ကတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာနဲ့ လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ . . . (မှန်ပါ့)။

ဒီပုဂ္ဂိုလ်တွေ ဘယ်ကလာခဲ့ကြတုံးမေးရင် . . . (အဝိဇ္ဇာ၊ ပစ္စယာ သင်္ခါရာ ကလာခဲ့ပါတယ်ဘုရား) အဝိဇ္ဇာ ပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာကြောင့်ဖြစ်တာသည် သင်္ခါရလို့ကြည့်ပြီးသကာလ၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုပြီး ကျုပ်တို့ ပဋိသန္ဓေ နေလာကြတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အင်း လက်သည်အစ် အဝိဇ္ဇာပစ္စယာကပဲဆိုတာ ငြင်းဖို့လိုသေးလား . . . (မလိုပါဘူးဘုရား) အဝိဇ္ဇာဆိုတာဘာတုံးဆိုတော့ - ဒုက္ခေ အညာဏံ၊ ဒုက္ခ သမုဒယေ အညာဏံ။ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါအညာဏံဆိုတော့ သစ္စာလေးပါးမသိတဲ့တရား အဝိဇ္ဇာပဲမဟုတ်လား (မှန်ပါ့) ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

အင်းကျုပ်တို့က ပဋိသန္ဓေနေတယ်ဆိုတာ၊ ဒီပုဂ္ဂိုလ်တွေဟာ အဝိဇ္ဇာ ပစ္စယာသင်္ခါရကြောင့် နေပြီးသကာလလာခဲ့ကြတော့၊ ဩော် တို့ကအဝိဇ္ဇာရှိလို့လား၊ သစ္စာလေးပါး မသိတဲ့ တရားကြီးများ ရှိရောလား၊ မရှိလေရော့လား လို့မတွေးနဲ့တော့၊ ကိုယ့်အကြောင်းကို ပြန်ကြည့်လိုက်မယ် အဝိဇ္ဇာ ပစ္စယာသင်္ခါရာ လာတွေ့တယ် . . . (မှန်ပါ့)

မတွေ့ဘူးလား . . . (တွေ့ပါတယ်ဘုရား) အားလုံးပဲ ဒကာ ဒကာမတွေမှာ အဝိဇ္ဇာမှုရှိကြပါရဲ့လား . . . (ရှိကြပါတယ်ဘုရား)။

## ပညာကိုဝိဇ္ဇာလို့ခေါ်တယ်

အင်းဒါကြောင့် ပညာဆိုတာသည် ကားလိုဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဝိဇ္ဇာလို့လည်းခေါ်ရတယ်လေ သဘောကျလား . . . (ကျပါတယ်ဘုရား)။

ပညာကို ဘယ်လိုခေါ်နိုင်တုံး . . . (ဝိဇ္ဇာလို့ခေါ်နိုင်ပါတယ်ဘုရား) ဝိဇ္ဇာလို့လဲခေါ်နိုင်တဲ့အတွက် ဒကာ ဒကာမတို့ စတုက္ကနိပါတ် ပါဠိတော်များ၌ ကိုယ်တိုင်ဟောထားတာ ရှိတယ်။

## ပညာဟာအမြတ်ဆုံး၊ အခက်ဆုံး

ဝိနည်းတော်က ဘာပါလိမ့်မတုံး ဆိုလို့ရှိရင်ဖြင့်၊ လောကမှာဟေ့တဲ့ အမြတ်ဆုံးရွေးလို့ရှိရင်၊ ပညာဟာ အမြတ်ဆုံး အခက်ဆုံးပဲ သဘောကျပလား . . . (ကျပါတယ်ဘုရား)

ဘယ့်နှယ့်ကြောင့်တုံး ပြောတဲ့အခါက ဘာ့ ဘုရားက ပညာသည်သူများမထိုးဖောက်နိုင်တာကို ထိုးဖောက်နိုင်တယ် ဘယ်လောက် **အမှောင်ထု** ထဲဖြစ်ဖြစ် ပညာတည်းဟူသော အလင်းက ထိုးဖောက်လိုက်လို့ရှိရင် အမှောင်တွေ ဘာဖြစ်ကုန်တုံး . . . (ပျောက်ကုန်ပါတယ်ဘုရား)။

ဒါဖြင့် ပညာအရေးမကြီးဘူးလား . . . (ကြီးပါတယ်ဘုရား) ဒါကခင်ဗျားတို့ ပညာစခန်းကို ဆရာဘုန်းကြီးပြောတဲ့အတိုင်းမရှုခဲ့ကြပါဘူး ဆိုလို့ရှိရင်၊ ခင်ဗျားတို့အလင်းရောင်မရတဲ့ ပုဂ္ဂိုလ်တွေဘက် ပါသွားမယ် . . . (မှန်ပါ့)

မပါပေဘူးလား . . . (ပါပါတယ်) ပညာစခန်းကို

မလုပ်တော့ပါဘူး ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့၊ အင်း အမှောင်ထဲ မွေးပြီး အမှောင်ထဲမှာ သေရှာတော့မှာပဲဆိုတာ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့)။

ပညာစခန်းမလုပ်ရင်ဘာပါလိမ့် . . . (အမှောင်ထဲမွေးပြီး အမှောင်ထဲမှာ သေပါဘုရား) အဝိဇ္ဇာနဲ့မွေးပြီး အဝိဇ္ဇာနဲ့ သေမယ်ပြောတာ . . . (မှန်ပါ့)။

သေခါနီးကျတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေလာတော့ အဝိဇ္ဇာက တွဲရက်မနေဘူးလား . . . (နေပါတယ်ဘုရား)။

အင်းဒါဖြင့် ဒကာ ဒကာမတို့ ဘာနဲ့စ၍ ဘာနဲ့ဆုံးပါလိမ့် . . . (အမှောင်စပြီး အမှောင်နဲ့ ဆုံးပါဘုရား) အမှောင်နဲ့စ အမှောင်ဆုံးဆိုတာ မောင်နိုင် မောင်ဘမှိုတို့ ကျေနပ်လား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာရှုတဲ့ပညာ၊ ဒါ သီလလည်း ထိုးဖောက်တော့မှာ . . . (မှန်ပါ့) နို့မဟုတ်ရင်ထိုးဖောက်နိုင်ပါ့မလား . . . (မထိုးဖောက်နိုင်ပါဘုရား)။

## ကိုယ့်အကြောင်းကိုယ်သိကြပါ

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အကြောင်းကိုယ်သိကြပါတော့ . . . . (မှန်ပါ့) ကိုယ်ဟာ အမှောင်ထဲက မွေးလာ

တာ၊ ဒီတစ်ခါ ဆရာသမားတိုက်တွန်းတဲ့အတိုင်း၊ ဘုရားဟော တော်မူတဲ့အတိုင်း အလွဲအလုပ်ကို မလုပ်တော့ပါဘူး ဆိုလို့ ရှိရင်ဖြင့်၊ ဒို့ဟာ . . . အင်း . . . မျက်လုံးမပါတဲ့ ပိုးဆင် ကောင်တို့လို ပိုးဖလံတို့လို ထင်ရာပျံပြီး၊ ထင်ရာစိုင်း တာပဲ . . . (မှန်ပါ့)။

ထင်ရာစိုင်း ဝုန်းခနဲကျတာပဲ၊ ဒီနေရာတိုက် ဝုန်း ခနဲ ! ကျတာမြင်ဖူးကြပါလိမ့်မယ် . . . (မှန်ပါ့)၊ မကျဘူး လား . . . (ကျပါတယ်ဘုရား)။

အဲဒီတော့ ဒီမျက်လုံးမပါဘဲနဲ့ရမ်းပြီးပျံတော့ ဒကာ ဒကာမတွေရမ်းကျပဲမကျဘူးလား . . . (ကျပါတယ်ဘုရား)။

အဲဒီအတိုင်း ဒကာ ဒကာမတွေ အဖြစ်ကဆိုး၊ အနေကဆိုးတွေ ဖြစ်မှာစိုးရိမ်လို့၊ ဒီတရားကိုဟောနေတာပဲ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဖြစ်ကကော . . . (ဆိုးပါတယ်ဘုရား) အင်း အသေကကော . . . (ဆိုးပါတယ်ဘုရား) အဲဒီဆိုးမှာစိုးတဲ့ အတွက် အမှောင်ထဲက ဖြစ်ပြီးသကာလ အမှောင်ထဲသေ မယ်ဆိုတော့ ကြားထဲအလင်းဝင်လို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား)။

## ပညာအလင်းရောင်သည် အမြတ်ဆုံး

အဲဒါကြောင့် ပညာ သမော့ လောကသို - လို့ဘုရားကဟောလိုက်တာပဲ၊ ပညာ အမြတ်ဆုံးပဲဟေ့၊ ဘယ်နှယ့်ကြောင့်မြတ်သတုံးဆိုတော့၊ ခုနက အဝိဇ္ဇာ အမှောင်ထုကြီးနဲ့ ဘာမှုရုပ်မှန်း၊ နာမ်မှန်းမသ၊ အဖြစ်အပျက်ဆိုတဲ့ အနိစ္စလည်းမသိ။

ဒါတွေသည်ကားလို့ ဆိုရင် ဒုက္ခသစ္စာတွေပါလား လို့လည်း မသိဘဲနဲ့ နေတာဟာ ဒီအမှောင်ကြီး ဖုံးနေတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီအမှောင်ကြီး ဖုံးနေတော့ကို ထိုးထွင်းလို့ရပ့်မလား . . . (မရပါဘူးဘုရား)၊ ဒါဖြင့် ပညာအလင်းရောင်သည် ဒကာ ဒကာမတွေအမြတ်ဆုံးပညာအလင်းရောင်ရှာပါမှ ဒို့သည် အမှောင်ထဲမွေးပေမယ့်လည်း၊ အလင်းထဲမှာပဲ စုတိစိတ်ကျလိမ့်မယ်ဆိုတာငြင်းဖို့လိုသေးလား . . . (မလိုပါဘူးဘုရား) ရှင်းကြလား . . . (ရှင်းပါပြီ ဘုရား)။

## ပညာနဲ့ ဉာဏ်ဘာထူးသလဲ

ကိုင်း ဒါဖြင့်ဒီလိုလုပ်ကြပါတော့၊ ပညာမပါရင် မပြီးဘူး ဆိုကာဖြင့် ကျေနပ်ပါ . . . (ကျေနပ်ပါတယ်) ဒါဖြင့်

ပညာသည် မိလိန္ဒမင်ကြီးက ပညာနဲ့ဉာဏ်ရှင်နာဂသိန်တဲ့ ဘာများထူးသေးသတုံး၊ သူကဒီက စမေးတယ် . . . (မှန်ပါ့)။

ဟာ . . . ဒကာကြီး ပညာနဲ့ဉာဏ်ဆိုတာအတူတူ ပဲ၊ သဘောကျကြပလား . . . (ကျပါတယ်ဘုရား)၊ ပညာ ဉာဏ်နဲ့ခင်ဗျားတို့မသုံးကြဘူးလား . . . (သုံးပါတယ်ဘုရား)။

အတူတူပဲတဲ့ ပညာသုံးသုံး၊ ဉာဏ်သုံးသုံး၊ အမောဟ သုံးသုံး ဒါတွေဟာ နာမည်သာပြောင်းတာ၊ စင်စစ်တော့ဖြင့် ဉာဏ်ချည့်ပဲဆိုတာနော် . . . (မှန်ပါ့)။

လေးနံပါတ် ဆိုတာတွေ သုံးသုံးအတူတူပါပဲတဲ့ ကာ ယ အဓိပတိ၊ ဝီရိယ အဓိပတိ၊ စိတ္တ အဓိပတိ ဆိုတာလည်း ကိုစောမောင်တို့ ပညာဆိုတာချည့်ပဲ . . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီဒါပညာနဲ့ ဉာဏ်သုံးတာ ဒကာ ဒကာမတို့ တခြားစီလား၊ အတူတူလား . . . (အတူတူပါပဲဘုရား)။

ကောင်းပြီ ဒါဖြင့် ပညာဉာဏ်သည်ကားလို့ဆိုလို့ ရှိ ရင်ဖြင့်တဲ့ဘယ်လိုများ သူသည် ပေါ်ပါလိမ့်မလဲဆိုတော့၊ ဒကာ ဒကာမတို့ပညာဉာဏ်ဆိုတဲ့ ဥစ္စာသည်၊ လက္ခဏာရေး သုံးပါးကို အာရုံပြုပြီးသကာလ ပေါ်ရတယ်၊ သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

## အနိစ္စရှု၍အနိစ္စသိရင်ပညာ

အနိစ္စရှု၍ အနိစ္စသိရင် အဲဒီအသိဟာပညာပဲ၊ ဒုက္ခရှု၍ ဒုက္ခသိရင် . . . (ပညာပါ ဘုရား)၊ အနတ္တရှု၍ အနတ္တသိရင် . . . (ပညာပါဘုရား)။

ဒုက္ခ သစ္စာ ရှု၍ ဒုက္ခ သစ္စာသိရင် . . . (**ပညာပါဘုရား**) ဩော် . . . ပညာဆိုတာသည် ဒကာ ဒကာမတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော **အာရမ္မဏ** ပစ္စည်းကြောင့် ပညာတည်းဟူသော **အာရမ္မဏိက** သဘောတွေမပေါ်လား . . . (ပေါ်ပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မရှိတဲ့ ဒို့ဘာမှ ဒကာ ဒကာမတွေ နှလုံးမသွင်းတော့ဘူး ဆိုလို့ရှိရင် ဖြင့်၊ ပညာသည် ဒကာ ဒကာမတို့ ထွက်ရပ်လမ်းပညာတော့ ရမှာမဟုတ်ပါဘူး . . .

ရပ့်မလား . . . (မရပါဘူး ဘုရား) ပညာမှသူဖြစ်လာတာကိုက ဒကာ ဒကာမတို့မှတ်လိုက်ပါတော့ အနိစ္စကြောင့် အနိစ္စသိတဲ့ ပညာထွက်တယ် . . . (မှန်ပါ့)

## ဒုက္ခကြောင့် ဒုက္ခသိတဲ့ပညာထွက်တယ်

ဒုက္ခကြောင့် . . . . (ဒုက္ခသိတဲ့ ပညာထွက်ပါတယ်ဘုရား)၊ အနတ္တကြောင့် . . . . (အနတ္တသိတဲ့ ပညာထွက်

ပါတယ်ဘုရား)၊ အင်းသဘောကျပလား . . . . (ကျပါတယ်ဘုရား)။

ဒါကြောင့် ပဌာန်းပါဠိတော်များ ကျလာပြီဆိုမှ ဖြင့် သင်္ခါရေ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဝိပဿ နတိ ဒီလိုလာတယ်။

သင်္ခါရေ၊ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိတဲ့၊ အဲဒီ သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဝိပဿနာ ရှုပါတယ်လို့၊ ပညာအကြောင်းကို ပဌာန်းပါဠိတော်များ ဒီအတိုင်းပဲသုံးပါတယ်နော် . . . (တင်ပါ့) သဘောကျကြပလား . . . (ကျပါတယ်ဘုရား)။

## ဘယ်သူ့ကြောင့် ပညာဖြစ်ပါလိမ့်

ဒါဖြင့်ပညာသည်၊ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်မတုံးဆိုတော့၊ အနိစ္စကြောင့် ဖြစ်သည်၊ ဒုက္ခကြောင့်. . . (ဖြစ်ပါတယ်ဘုရား) အနတ္တကြောင့် (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တမှ ဟောပေးမယ့်ပုဂ္ဂိုလ် မရှိခဲ့လို့ရှိရင်ဖြင့် ပညာဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်တော့ဘူး။

ဒါကြောင့် ယ္ခုဘဝမှာ ဖြင့် ဒကာ ဒကာမတို့ ပညာမှ သာလျှင် ခင်ဗျားတို့ လက္ခဏာရေးသုံးပါးက ပညာပါအောင်ကျေးဇူးပြုသည် ဖြစ်လေသောကြောင့် ပညာဖြင့် ကြိုး

စားကြပါ၊ ပညာမှသာလျှင် ဒကာ ဒကာမတို့ ခုနက အနိစ္စ ပေါ်ဖုံးနေတာဘယ်သူတုံး၊ ဒုက္ခပေါ်ဖုံးနေတာ ဘယ်သူ တုံး၊ အနတ္တပေါ်မှာ ဖုံးနေတာဘယ်သူတုံး ဆိုလို့ရှိရင် ဖြင့် **ဝိစိကိစ္ဆာပေါ်လို့ရှိရင်ဖြင့် ဒါတွေဘယ်သူဖုံးတယ်၊ သုခဖုံး တယ်၊ တဏှာဖုံးတယ်** အစရှိသည် လာချင်လာမယ်မေ့ လေဗျာ . . . (မှန်ပါ့)။

မလာပါနဲ့ဒါတွေကဆိုကြတာပဲ **သဒ္ဓါတရားတွေဖြစ် နေလို့** သေသေချာချာဆိုလို့ရှိရင်ဖြင့် အဝိဇ္ဇာဖုံးနေတဲ့တယ် ဆိုတာအမှန်ဆုံးပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

သေသေချာချာ ကတော့ ပညာမထိုးဖောက်နိုင်တာ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ ကိုယ့်အနိစ္စ ခင်ဗျားတို့ ခန္ဓာ ကိုယ် ကြီးက သဗ္ဗေ သင်္ခါရာ အနိစ္စ၊ ဘုရားတိုင်းဟောတယ်၊ သဗ္ဗေသင်္ခါရာ ဒုက္ခလည်းမဟောဘူးလား . . . (ဟောပါ တယ် ဘုရား)။

## မမြင်တာဘာဖုံးနေလို့တုံး

သဗ္ဗေ သင်္ခါရာ အနတ္တလို့ . . . (ဟောပါတယ်) အင်းရလည်းမရကြဘူးလား . . . (ရပါတယ်ဘုရား) မြင် ကြရဲ့လားလို့မေးရင် . . . (မမြင်ပါဘုရား) မမြင်ဘူးတဲ့ ဒကာဒကာမတို့ . . . ။

မမြင်တာဘာဖုံးနေတုံးလို့ အမေးထုတ်ခဲ့သော်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့၊ ကျုပ်တို့ ပဋိသန္ဓေက ပါလာတဲ့ အဝိဇ္ဇာကြီးက . . . (ဖုံးထားပါတယ်ဘုရား)။

ဖုံးထားတော့ ကြည့်ရုံနဲ့ အဖုံးကြီးကတည်တံ့နေတဲ့ အတွက်၊ ဒီအထုကကြီးကျယ်ခမ်းနားနေတဲ့အတွက်၊ မောင်နိုင် မောင်ဘမှိတို့ မြင်ပါ့မလား . . . (မမြင်ပါဘူးဘုရား)။

ကိုင်းမကြည့်လို့မမြင်တာလား၊ အဖုံးကြောင့်မမြင်တာလား . . . (အဖုံးကြောင့်မမြင်တာပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ဒီ**အဖုံးကြီးတည်းဟူသော** အမှောင်ဓာတ်ကြီး ကို အလင်းဓာတ်မသွင်းသ၍ ကာလပတ်လုံး၊ သင်တို့သည် ဘယ်အခါကာလမှ သတိပဋ္ဌာန်အလုပ်ဆိုတာ သူတို့သန္တာန် မရှိတော့ဘူး . . . (မှန်ပါ့)။

ရှိပါဦးမလား . . . (မရှိတော့ပါဘူး) သတိပဋ္ဌာန် အလုပ်ဆိုတာ ဒကာ ဒကာမတွေ သိတဲ့အတိုင်းတဲ့ ဖြစ်ပျက်မြင်မှ သတိပဋ္ဌာန်အလုပ်ကိုဗျ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ရှိရာကမရှိခြင်းသည် အနိစ္စပဲလို့ အနိစ္စ၏ အဓိပ္ပာယ် ကဒါပဲရှိနေတော့ ဖြစ်တာလည်း မသိ၊ ပျက်တာလည်းမသိ အောင်ဖြစ်ပြီးသကာလ၊ ကျုပ်တို့သည် နေနိုင်ကြတာသည် ဘယ်နှယ့်ကြောင့်ပါလိမ့် မတုံး ဆိုတာအမှောင်ဓာတ်ကြီးဖုံး နေလို့ လို့ဆိုရမှာပေါ့ . . . (မှန်ပါ့)။

ဒါဖြင့် အမှောင်ဓါတ်ကြီး ဖုံးနေတဲ့အတွက် ပညာဆိုတာကော ဝင်ခွင့်ရသေးရဲ့လား . . . (မရပါဘုရား)။

**အလင်းရောင်ထိုးပြီး ကြည့်ခိုင်းတာ ဝိပဿနာ**

ဒါဖြင့် . . . ဘုန်းကြီးက နေ့တိုင်း တရားဟောပြီး သကာလ ဝိပဿနာရှုခိုင်းတာဟာ မောင်နိုင်၊ မောင်ဘမှိုတို့ ရိပ်မိကြပလားကွာ အမှောင်ထဲ အလင်းထိုးပြီး ကြည့်စမ်းဟော့ ပြောတာပဲ . . . (မှန်ပါ့) ဟုတ်ဘူးလား။

လက်ကွယ်နှေကြီးမှို့ မင်းတို့ လက်နှိပ်ဓာတ်မီး ထိုးကြည့်စမ်းဟော့ဆိုတော့ ဒကာဒကာမတို့ ခလုတ်တွေ မြင်ရ၊ ကန်သင်းတွေမြင်ရ၊ ကျင်းခွက်တွေ မမြင်ရဘူးလား . . . (မြင်ရပါတယ်ဘုရား)။

ထို့အတူပဲ ဒကာဒကာမတို့ တကယ် အရှိကို တကယ် သိအောင်လို့ ဝိပဿနာ အလုပ်ခိုင်းတာလို့ မှတ်ပေတော့ . . . (မှန်ပါ့) ကိုစောမောင် ဘာခိုင်းတာတုံး . . . (တကယ်အရှိကို တကယ်သိအောင် လုပ်ခိုင်းတာပါဘုရား)။

**တကယ်အရှိကို တကယ်သိအောင်လို့**

အဲ တကယ်အရှိကို တကယ်သိအောင်လို့ လုပ်ခိုင်းတာသည် ဒကာဒကာမတို့ အမှောင်ဓါတ် ရှင်းပြီးသကာလ တကယ့်အရှိကို တကယ့်အသိနဲ့ သိပါစေတော့ ဆိုပြီး

ဟောတဲ့တရား (မှန်ပါ့) ရိပ်မိကြပလား . . . (ရိပ်မိပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ အရှိန်နဲ့အသိကိုက်မှ သာလျှင် နေရာကျမယ်ဆိုတာလေးကိုလည်း ဘယ်အခါ ကာလမှ မေ့ဖို့မသင့်ပါဘူး. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ပညာဝင်မှ အဝိဇ္ဇာချုပ်တယ်

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ပညာသည် ပညာဝင်လာလို့ ရှိရင်ဖြင့် ပညာတည်းဟူသော မီးရောင် အလင်းရောင် ဝင်လာလို့ရှိရင် အဝိဇ္ဇာချုပ်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဝိဇ္ဇာတည်းဟူသော တရားပေါ်လာရင် ပညာဟာ (ချုပ်ပါတယ်ဘုရား) ပညာဟာ ချုပ်တာပဲ။ သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

အဲဒီတော့ ပညာချုပ်တာ ပညာလည်း ချုပ်တဲ့တရား ပဲ (မှန်ပါ့)၊ အဝိဇ္ဇာကကော . . . (ချုပ်တဲ့တရားပါဘုရား) အင်း အဝိဇ္ဇာကလည်း ချုပ်တဲ့တရား၊ ပညာကကော . . . (ချုပ်တဲ့တရားပါဘုရား)။

ဘာသူ့ဟုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့

ရှင်နာဂသိန်က အဖြေရှာပါတယ် ချုပ်တဲ့တရားချင်း မတူသေးဘူး သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## အဝိဇ္ဇာချုပ်နဲ့ ပညာချုပ်နဲ့ မတူသေးဘူး

အဝိဇ္ဇာချုပ်ပုံနဲ့ ပညာချုပ်ပုံမတူသေးဘူးတဲ့၊ ဒကာဒကာမတွေ ဥပမာမှာ ခန္ဓာကိုယ်ထဲမှာ စားချင်တဲ့စိတ်ကလေးပေါ်တယ် ထားပါဦး နော် . . . . (တင်ပါ့)။

စားချင်တဲ့စိတ်ကလေး အင်မတန်ပေါ်တယ် ဟဒယဝတ္ထုပေါ် ပေါ်လာတယ်ဆိုပါတော့ စားချင်တဲ့စိတ်ကလေး၊ အင်း စားချင်တဲ့ပေါ်လာတဲ့ စိတ်ကလေးကို ဒကာ ဒကာမတို့ သြော်စားချင်တယ်လို့တော့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

စားချင်တယ်လို့တော့ သိတော့ သိပါတယ်တဲ့၊ စားချင်တဲ့စိတ်ကလေးချုပ်ပျောက်သွားတာကိုတော့ . . . (မသိတော့ပါဘူးဘုရား)။

## ဖြစ်ပျက်မသိရင် ပညာမဟုတ်သေးဘူး

မသိလို့ ရှိရင်ဖြင့်တဲ့ ဒီဥစ္စာသည် ဒကာ ဒကာမတို့ ပညာမဟုတ်သေးဘူး၊ ပညာမဟုတ်သေးတာ သဘောကျပလား . . . . (ကျပါတယ်ဘုရား)။

ပညာမဟုတ်သေးတာ ပညာမဟုတ်ကြောင်း ဘယ်သူကသက်သေခံနေတုံး မေးတဲ့အခါကျမှ၊ စားချင်တယ်ဆိုလို့ရှိရင်ဖြင့် မြန်မြန်ယူခဲ့ပါ၊ လာတော့တာပဲ . . . . (မှန်ပါ့) မြန်မြန်ဝယ်ချည်ပါ သွားတော့တာပဲ။

အဲဒီအသိကလေးကတော့ဖြင့် ဒကာ ဒကာမတို့ တိရစ္ဆာန်လည်းသိ၊ ကလေးလည်းသိ ဖြစ်သောကြောင့် ဒါပညာလို့မဆိုပါနဲ့ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အင်းစားချင်တဲ့စိတ်ကလေး ပေါ်လာပြီ စားချင်တဲ့စိတ်ကလေးချုပ်ပျောက်တာ သိမှသာလျှင် ပညာသိပေါ့ဗျာ . . . (မှန်ပါ့)။

## ပညာသည် ဘာကိုသိသတုံး

ဒါကြောင့် ပညာသည် ဘာကိုသိပါသတုံးလို့မေးတဲ့အခါကျတော့၊ မိလိန္ဒမင်းကြီးက မေးတဲ့အခါကျတော့ ဖြစ်ပျက်အနိစ္စသိတယ်၊ ဒုက္ခသိတယ်၊ အနတ္တသိတယ်လို့ မိလိန္ဒမင်းကြီးကမေးလို့ ရှင်နာဂသိန်ကဖြေတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)

ဒါဖြင့် အဲဒီပညာလာတဲ့အချိန်မှာ မောင်နိုင်၊ မောင်

ဘမှိုတို့ အဝိဇ္ဇာချုပ်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဖြစ်ပြီး ဘယ်နေရာသွားတုံးလို့ မေးမနေပါနဲ့တဲ့ ဤနေရာပေါ် ဤနေရာပျောက်တယ်သာမှတ်ပေတော့။

## ဒီနေရာပေါ် ဒီနေရာပျောက်

ကောင်းကင်မှာရှိတဲ့ လျှပ်စစ်ကလေး လင်းတော့ ကိုစောမောင်ဒီနေရာကော မလင်းဘူးလား . . . (လင်းပါတယ်ဘုရား) ပျောက်သွားတော့ကော. . . (ဒီနေရာတင် ပျောက်ပါတယ်ဘုရား)။

အဲဒီအတိုင်းပဲ ခင်ဗျားတို့ သန္တာန်မှာ ဘယ်စိတ်ပေါ် ပေါ်၊ ဒီနေရာပေါ် ဒီနေရာပျောက်၊ နေရာမရွှေ့နိုင်ဘူး ဆိုတာမှတ်ထား . . . (မှန်ပါ့)

ကောင်းပြီ ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ ဒီနေရာပေါ် ဒီနေရာပျောက်တာ သိမှသာလျှင် ပညာ ပေါ့ဗျာ . . . (မှန်ပါ့)

ဒီပညာ ဘယ့်နှယ့်ကြောင့် ဝင်ခွင့်ရပါလိမ့်မတုံးလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)၊ ဩော် . . . အဝိဇ္ဇာဆိုတဲ့ အမှောင်ကြီး ထဲမှာ အမှောင်မှလွတ်သွားတဲ့ အတွက်၊ အလင်းလာလို့ ပညာအလင်းလာလို့၊ အဝိဇ္ဇာအ

မှောင်ထုပျောက်သွားသောကြောင့်၊ အရှိဖြစ်တဲ့ ဖြစ်ပျက်အနိစ္စကိုတွေ့ပါတယ် . . . . (မှန်ပါ့)။

နို့မဟုတ်ရင် တွေ့ပါ့မလား . . . . (မတွေ့ပါဘုရား) ဒီဇနေ့ ဒကာ ဒကာမတွေ ကြပ်ကြပ်သတိထားပြီး သကာလနားထောင်ပါ၊ ဒီဥစ္စာ ဩော် . . . . ဒို့သည်ကားလို့ ဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အချက်သုံးချက်အနက်က၊ တစ်ချက်မှမတွေ့ဘူးလို့ ဆိုလို့ရှိရင်၊ အမှောင်ထဲမွေး၊ အမှောင်ထဲသေ ဖြစ်မှာစိုးလို့ကို ဟောနေတာ . . . . (မှန်ပါ့) သဘောကျပလား . . . . (ကျပါတယ်ဘုရား)။

## အမှောင်ထဲနေ၊ အမှောင်ထဲသေ ဖြစ်မှာစိုးလို့

ဘယ့်နှယ့်ကြောင့်ဟောပါလိမ့် . . . (အမှောင် ထဲမွေး အမှောင်ထဲမှာသေမှာ စိုးလို့ပါဘုရား) အမှောင်ထဲသေ ဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတို့ အဝိဇ္ဇာနဲ့စတည်တယ်၊ အဝိဇ္ဇာနဲ့အဆုံးသတ်တယ် ဆိုတော့ ကောင်းပါ့မလား . . . (မကောင်းပါဘူး)။

အဲဒါကြောင့် အားလုံး ဒကာ ဒကာမတွေကို သေသေချာချာ ရေရေလည်လည် ကယ်တင်ပြီးသကာလနေတော့တယ်ဆိုတာ မောင်နိုင်၊ မောင်ဘမှိုတို့ ငြင်းဖို့လိုသေးသလား . . . (မလိုပါဘူး ဘုရား)။

ဒါဖြင့် ပညာ လင်းလို့ရှိရင် လည်း အဝိဇ္ဇာက ဘာဖြစ်တုံး . . . (ချုပ်ပါတယ်) ချုပ်ခြင်းကြောင့် ဒကာ ဒကာမတို့ ပညာသည် အရှိကို သွားတွေ့တယ် . . . (မှန်ပါ့)။

ဘာသွားတွေ့တာတုံး . . . (အရှိကိုသွားတွေ့ပါတယ် ဘုရား) အရှိက ခန္ဓာကိုယ်ထဲ ဘာရှိတုံး . . . (အနိစ္စရှိပါတယ်ဘုရား)။

အနိစ္စရှိလို့ နဂိုကရှိတဲ့ အနိစ္စပင်ကိုကကောရှိရဲ့လား . . . (မရှိပါဘူး) သို့သော် အဝိဇ္ဇာရဲ့ ပစ္စယာကြီးက ဒကာဒကာမတို့ အင်မတန်ကြီးကျယ်ခမ်းနားထူထပ်ပြီး လာတဲ့အတွက် ဆရာကောင်း သမားကောင်းနဲ့ မတွေ့တော့ ပညာကလဲရသေးရဲ့လား . . . (မရပါဘူး ဘုရား)။

## အသက်တစ်ရာနေရခြားသော်လည်း သက်ဆိုးရှည်

မနက်အခါကျတော့ သူလာဖုံးပြီး သကာလနေတော့တယ် ဆိုရင်ကော လွဲသလား. . . (မလွဲပါဘူး ဘုရား)

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အနိစ္စလေးဖြစ်ပျက်ကလေးကို၊ ဉာဏ်ထဲက ပြော် ကိုယ့်သန္တာန် ဖြစ်သွားပြီ၊ ပျက်သွားပြီလို့မှ မသိလိုက်ဖူးဆိုလို့ရှိရင်ဖြင့်၊ အသက်

တစ်ရာနေရပြားသော်လည်း သက်ဆိုးရှည်လို့ မှတ်ပါ . . . (မှန်ပါ့)။

## ဖြစ်ပျက်တစ်ချက်၏ တန်ဘိုး

ဘယ်လိုဆိုကြပါ့ . . . (သက်ဆိုးရှည်ပါဘုရား) သက်ဆိုးရှည်ပဲမှတ်ရမှာပဲ၊ မောင်နိုင် ဘယ်လိုမှတ်မယ် . . . (သက်ဆိုးရှည်လို့မှတ်ရမှာပါ ဘုရား) သက်ဆိုးရှည်လို့ မှတ်ရမယ်ဆိုတော့၊ ဖြစ်ပျက်တစ်ချက်ကလေးမြင်တာက မြတ်သေးတယ်လို့ ဓမ္မပဒ ကလည်းဆိုပြန်တယ် . . . (မှန်ပါ့)

ဒါကြောင့် ဒီအလုပ်ကိုဖြင့် လုပ်ပါလို့ ဆိုတာတိုက်တွန်းစရာလိုသေးသလား . . . (မလိုပါဘူးဘုရား)။

ဘုန်းကြီးပြောတဲ့အတိုင်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေက နားမထောင်တော့ပါဘူး၊ တို့ ဆရာဘုန်းကြီးကလည်း နေ့တိုင်းပြောတာပဲ၊ ပြီးတော့လည်း သားရေး၊ သမီးရေး၊ စီးပွားရေးက လည်း အရေးကြီးနေတယ်၊ အရေးကြီးနေတဲ့ အတွက် ဒီဥစ္စာမသိဘူး၊ မကြည့်နိုင်ဘူး၊ မရှုနိုင်ဘူး ဆိုလို့ရှိရင် ခင်ဗျားတို့ လေပြေသွေးသလောက် သွားလိမ့်မယ် အပါယ်လေးပါးကို . . . (မှန်ပါ့)။

မှောင်ထဲမွေး၊ အမှောင်ထဲသေကိုးဗျ . . . (မှန်ပါ့) ဟုတ်ဘူးလား၊ အမှောင်အဝိဇ္ဇာနဲ့ချည့်ပဲ အဝိဇ္ဇာနဲ့ မူတည်လာ

ခဲ့တယ်၊ သေခါနီးကျတော့သောက ပရိဒေဝနဲ့ လမ်းမဆုံးပေဘူးလား . . . (ဆုံးပါတယ်ဘုရား)။

ဆုံးတော့ သောက ပရိဝေဒလည်း အဝိဇ္ဇာက မသိလို့ သောကဖြစ်တာ . . . (မှန်ပါ့) ဟုတ်လား မသိလို့ ပရိဒေဝဖြစ်တာ . . . (မှန်ပါ့) ကိုယ့်ဟာကိုယ်လေ . . . (မှန်ပါ့)။

အင်း ငိုမှုတွေ၊ စိုးရိမ်မှုတွေ မလာဘူးလား . . . (လာပါတယ်) အဲတော့သူဘာနဲ့သေသွား . . . (အဝိဇ္ဇာနဲ့သေသွားပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ သေသွားတော့ အဝိဇ္ဇာ ပစ္စယာအကုသလာသင်္ခါရာဆိုတဲ့အတိုင်း၊ အကုသိုလ်သင်္ခါရနဲ့ပဲတဲ့ သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုပြီး ဒယ်အိုးထဲ သွားပြီး ပဋိသန္ဓေနေတာဗျ . . . (မှန်ပါ့) ဘယ်လောက်ကြောက်စရာကောင်းတုံး . . . (ကောင်းပါတယ် ဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)

## အလင်းကိုဖြင့်ယူဖြစ်အောင်ယူပါ

ဒါဖြင့် ဒကာ ဒကာမတို့ ဆရာဘုန်းကြီးတိုက်တွန်းတာသည်၊ ခင်ဗျားတို့ အမှောင်ထဲ မွေးလာလို့ အလင်းကြီးကိုဖြင့် ယူဖြစ်အောင် ယူပါဆိုတာ များများကြီး တိုက်တွန်းတယ် . . . . (မှန်ပါ့)။

မတိုက်တွန်းသင့်ဘူးလား . . . . (တိုက်တွန်းသင့်ပါတယ်ဘုရား) ခုမွေးလာတာ ဘယ်လိုပါလိမ့် . . . . (အမှောင်ထဲမွေးလာတာပါ ဘုရား)။

အမှောင်ထဲမွေးလာတော့ သူကမသိလို့ ဒကာ ဒကာမ တို့၊ ဆရာဘုန်းကြီးတို့ ဘုရားတို့ ကသေသေချာချာ ဟောနေတယ်၊ မင်းတို့ ခန္ဓာကိုယ် အရှိက အနိစ္စရှိတာနော်၊ ဒုက္ခရှိတာ၊ အနတ္တရှိတာ၊ အသုဘရှိတာ ဒုက္ခသစ္စာပဲရှိတယ်ဆိုတာ ဘယ်ဘုရားမဆိုဟောတာပဲ . . . (မှန်ပါ့)။

သို့သော် ကျုပ်တို့မွေးတဲ့အချိန်က စပြီးသကာလ ဒီပြောကာမျှပင် အင်းအခုပြောခဲ့တဲ့အချက်တွေ အနိစ္စတို့ ဒုက္ခသစ္စာတို့ တွေ့ပါရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။

## သရဏဂုံမတင်နဲ့ ကျွတ်မှာမဟုတ်ဘူး

ဘယ့်နှယ့်ကြောင့်ပါလိမ့်၊ အမှောင်ထဲမွေး လာလို့ဘုရား . . . (မှန်ပါ့)၊ အခုလို ဆရာကောင်းသမားကောင်းနဲ့တွေ့တုန်းမှ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်းရှိတာလေးမသိ တော့ဘူးဆိုရင်ဖြင့်၊ ဩော် သူ့အတွက် ဖြင့်မစဉ်းပါနဲ့တော့၊ သေတောင်မှ သရဏဂုံမတင်နဲ့ ကိုစောမောင်ကျွတ် မှာမဟုတ်ဘူး . . . (မှန်ပါ့) သဘောကျပ လား . . (ကျပါတယ်ဘုရား)။

တစ်ခါတည်း အမှောင်ထဲမွေး၊ အမှောင်ထဲသေ ဘုရား အဝိဇ္ဇာနဲ့စ အဝိဇ္ဇာနဲ့ဆုံး ဆိုတာကောင်းသေးရဲ့လား . . . (မကောင်းပါဘူး ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီတစ်ခါအမိယူပါ ဆိုတာကို အသေအချာပြောတယ် . . . (မှန်ပါ့)။

ဒီတစ်ခါ လွဲသွားလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဆယ်မည့်သူ ယူမည့်သူ ကယ်မည့်သူဆိုတာ မရှိဘူးလို့သာ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

ကိုစောမောင် . . . (မှန်ပါ့) ရှိပါဦးမလား . . . (မရှိပါဘူး ဘုရား) အရွယ်အားဖြင့်လည်း ဒကာ ဒကာမတွေရှိ သေးရဲ့လား . . . (မရှိပါဘူး ဘုရား)။

အရွယ်အားဖြင့်လည်း ရှေ့ကို ကံမွဲ၊ ဉာဏ်မွဲဖြစ်တော့မယ်၊ သဘောကျပလား . . . . (ကျပါတယ် ဘုရား) အင်းအချိန်ကလည်း အဋ္ဌေဝ သ္ဝေဝ ဆိုတော့ ဒီအချိန်သည် နက်ဖြန်ရောက်ပြန်တော့၊ နက်ဖြန်ကျတော့ ကိုယ့်ခန္ဓာက ရှိချင်မှရှိမှာ . . . . (မှန်ပါ့)။

ပြီးတော့ အဲဒီအချိန်ကျမှ ယူချင်လို့ရပါ့ မလား . . . (မရပါဘူး ဘုရား)။

## ဒီအချိန်ဟာ အကောင်းဆုံး

ဒါကြောင့် ဒကာ ဒကာမတို့သည် ဒီအချိန်ဟာအကောင်းဆုံးအချိန်ဆိုတာ သဘောကျပလား . . . . (ကျပါတယ် ဘုရား)။

ဒါကြောင့် ဘုရားကလည်း၊ ခင်ဗျားတို့မှာ ခုလိုဆရာကောင်းသမားကောင်း ဉာဏ်စခန်းတွေ ပြောနေတုန်း၊. . . အဝိဇ္ဇာချုပ်အောင်ပြောနေတုန်း၊ ခင်ဗျားတို့ဒီ ခဏလွန်သွားလို့ ရှိရင် သွားပြီတဲ့ ရပ်ပြစ်ရှစ်ပါးထဲသွားပြီ၊ ဒီခဏလွန်သွားလို့ ရှိရင် . . . . (မှန်ပါ့)။

ကိုစောမောင် ကောင်းသေးရဲ့လား . . . . (မကောင်းပါဘူးဘုရား)။

ဒါဖြင့်ဒီခဏလေးဟာ သိပ်နှမြောစရာမကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား) အလင်းကလည်း ခဏပေါ့ဗျာ . . . (မှန်ပါ့)။

## တရားနာစေချင်လို့ ပြောတာမဟုတ်ဘူး

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့၊ ဒါခင်ဗျားတို့ကို တရားနာစေချင်လို့၊ အင်း အားထုတ်ပါစေလို့၊ အင်း ဒီလိုကရုဏာရှိလို့ ပြောတာမဟုတ်ဘူး။ ပင်ကိုသဘောကို ပြောနေတာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ပင်ကိုသဘောကို ပြောနေတယ်လို့ မောင်နိုင်၊ မောင်ဘမှိုကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား) ဘာနဲ့စခဲ့တယ်ဆိုတော့ သတ္တဝါဟာ အဝိဇ္ဇာနဲ့တဏှာက စတယ် ဆို တော့ဒီသုံးခုက . . . . (မှန်ပါ)

အဝိဇ္ဇာပစ္စယာနဲ့မစခဲ့ဘူးလား . . . . (စခဲ့ပါတယ် ဘုရား)၊ အဝိဇ္ဇာလာတဲ့အချိန်ဟာ ဘာတွေ့ရမတုံးတဲ့ . . . (အနိစ္စပါဘုရား) အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့ရမယ်နော် . . . (မှန်ပါ)။

ကဲ မတွေ့တော့ပါဘူးတဲ့၊ ကိုယ့်ခန္ဓာရှုတဲ့အခါ၊ ကဲ မတွေ့တော့ အဝိဇ္ဇာထုကြီးက နေတုန်းကလည်း သူနဲ့နေခဲ့တယ်၊ ယျှလည်းသူဖုံးအုပ်နေတယ်ဆိုတာ ငြင်းဖို့လို့သေးလား . . . . (မလိုပါဘူး) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

သူသည် တစ်ခါမှမတွေ့ပါဘူးဆိုတော့ ကိုစောမောင်ကဘာယ်လိုဆုံးဖြတ်ချက်ချမတုံး . . . (အဝိဇ္ဇာပါ ဘုရား) ဒါဖြင့် ထို့ကြောင့်အမှောင်ထဲမွေး (အမှောင်ထဲသေ)၊ အမှောင်ထဲနေ-သေတော့ကော . . . (အမှောင်ထဲ သေပါ ဘုရား)။

## တီကောင်တွေလို

ဘယ့်နှယ့်တုံးဗျ၊ " တီ " ဖြစ်တာပဲ . . . (မှန်ပါ) တီကောင်မှာ မျက်လုံးပါလား . . . (မပါပါဘူး ဘုရား) တီ

က အမှောင်ထဲမှာပဲ ဟိုသွားဒီသွား၊ ဟိုဘက် ချောက်ရှိလည်း သွားလိုက်တာပဲ၊ ဟိုဘက် ကြက်ကၡစားမလို့ စောင့်နေလည်း (သွားလိုက်တာပဲ)။

အင်း အမှောင်ထဲမွေးရရှာတာကိုးဗျ . . . . (မှန်ပါ့) သေတော့ကော . . . . (အမှောင်ထဲသေမှာပါ ဘုရား) ဒီအတိုင်းပဲ မနေကြပေဘူးလား . . . . (နေပါတယ်ဘုရား)။

အဲဒါ ဒကာဒကာမတို့ ပညာမပါတဲ့ ပုဂ္ဂိုလ် သဘော ကျပလား . . . . (ကျပါတယ် ဘုရား) ဒါဖြင့် ပညာလာတဲ့ အချိန်ကျတော့ ဒကာ ဒကာမတို့အမှောင်ဘာဖြစ်တုံး . . . (အလင်းရောက်သွားပါတယ် ဘုရား)

## ပညာလာတော့ အမှောင်ပျောက်သွားတယ်

အမှောင်ပျောက်သွားတယ် . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီ ဘုရား) ပညာလာတော့ အမှောင် ပျောက်ပြီး သကာလသွားတယ်။ အမှောင်ပျောက်သွားတဲ့ အခါကျတော့ အရှိတွေမတွေ့ပေဘူးလား . . . (တွေ့ပါ တယ်ဘုရား)။

တွေ့တော့ဘာရှိတုံး . . . (အနိစ္စရှိပါတယ်ဘုရား) အနိစ္စရှိတော့ ကိုစောမောင်တွေ့မယ် . . . (မှန်ပါ့)။

ဒါဖြင့် အနိစ္စဖြစ်ပျက်မှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်များ အတွက်၊ အားလုံးတရေးတစ်ပွဲလုံးမှာ လာတဲ့ ဒကာ ဒကာမ တွေက ဘယ်လိုဆုံးဖြတ်ချက်ချမတုံး၊ အဝိဇ္ဇာထုကြီးနဲ့ သာ နေတော့တာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျ ပါတယ်ဘုရား)။

## ဒါနလောက်နဲ့ တင်းတိမ်မနေနဲ့

ဘာနဲ့ နေကြတုံး . . . . (အဝိဇ္ဇာထုကြီးနဲ့နေကြ ပါတယ်ဘုရား) ဒါကြောင့် ဒကာ ဒကာမတို့ ခုနကပြောခဲ့တဲ့ သာမည ဒါနလေးလောက်နဲ့၊ အင်း တင်းတိမ်မနေလိုက် ပါနဲ့ ဆိုတာက၊ မပြောထိုက်သေးဘူးလား . . . (ပြောထိုက်ပါ တယ်ဘုရား)။

**ကမ္မဿကတ** ဉာဏ်ကလေးလောက်နဲ့ တင်းတိမ်နေ လို့တော်ပါ့မလား . . . (မတော်ပါဘူး ဘုရား) အင်း အဝိဇ္ဇာ ဥဒပါတိဖြစ်အောင် ကြိုးစားဖို့မသင့်လား . . . (သင့်ပါတယ် ဘုရား)။

ဒါကြောင့် အလင်းထဲရောက်အောင်ကြိုးစားကြပါ ဆိုတာကို၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးလေးနက် နက်တိုက်တွန်းပါတယ် . . . (မှန်ပါ့) မတိုက်တွန်းရင်တော် ပါ့မလား . . (မတော်ပါဘူး ဘုရား)။

ပညာ ဟာ ဒကာ ဒကာမတို့ အင်မတန်ကျေးဇူးများ တယ် နော်၊ တစ်ချက် ခန္ဓာကိုယ်ထဲမှာ ဥပမာမယ် ဘုန်းကြီး ကပဲ ခုမြင်အောင်ပြောရင် မြင်ပါတယ်၊ မြင်အောင်ပြောလိုက် လို့ရှိရင် ဒကာ ဒကာမတွေမြင်ပါတယ်။

ဘယ်လိုမြင်တုံးဆိုတော့ ခုဘုန်းကြီးဟောနေတဲ့ အသံကို ခင်ဗျားတို့နားထဲမှာ မကြားကြဘူးလား . . . (ကြား ပါတယ် ဘုရား) အင်း နားထဲမှာ ကြားတော့ ငါကကြားတာ လား၊ သူကကြားတာလား၊ ကြားစိတ်ကလေးက ကြားတာ လား . . . . (ကြားစိတ်ကလေးက ကြားတာပါဘုရား)

## ကြားစိတ်ကလေး

အင်း ကြားစိတ်က၊ အဲဒီ သောတ ဝိညာဏ်ကြောင့် ပေါ့ဗျာ . . . (မှန်ပါ့) ဒါဖြင့် အသံကသွားပြီး သကာလ၊ နားရုပ်ကို သွားတိုက်လိုက်တဲ့အခါကျတော့ ကြားစိတ်လေး တစ်ခု မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အဲဒီ ကြားစိတ်ကလေးက ဘုန်းကြီးကလည်း ရပ်ပါ ရော ဒကာ ဒကာမတွေ နောက်ထပ်ကြားသေးရဲ့လား . . . (မကြားပါဘူး ဘုရား)

ဩော် . . . ဒါလေးဟာ မိမိနားထဲပေါ်လည်း

ပေါ်တယ်၊ ပျောက်လည်းပျောက်တယ်လို့ ဆိုနိုင် မဆိုနိုင် (ဆိုနိုင်ပါတယ်ဘုရား)။

ကိုင်းပေါ်လည်းပေါ် ပျောက်လည်း ပျောက်တယ်ဆို တော့ ဒါအနိစ္စအချက်ကလေးပဲ . . . . (မှန်ပါ့)။

အဲ့ဒါလေးကို ကြားသာနေတယ်၊ ဒကာ ဒကာမ တွေ ကနေ့လုံးမသွင်းပြန်တော့လည်း၊ ကြားလို့ကောင်းတယ်ဆိုတဲ့ တဏှာက လိုက်လာတယ် . . . . (မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား)။

ကြားရတာ သဘောကျတယ်ဆိုတဲ့ တဏှာတွေက မလိုက်ပေဘူးလား . . . . (လိုက်ပါတယ်ဘုရား) ဒါကြောင့် ဒကာ ဒကာမတို့ကြားတဲ့စိတ်ကလေးဟာလည်း၊ ခင်ဗျားတို့ သန္တာန် ခုပေါ်ပြီး ခုပျောက်တယ်ဆိုတာငြင်းဖို့လိုသေးသလား . . . . (မလိုပါဘူး ဘုရား)။

အင်းဒါလေးဟာ ခုဆရာဘုန်းကြီးက ဟောလိုက်တဲ့ အခါကျတော့၊ ဒကာ ဒကာမတို့ ဒါလေးကြားရုပ်ကလေး ဟာ ခုပေါ်ခုပျောက်တာ မောင်နိုင်၊ မောင်ဘမှိုတို့ မထင်ရှား ဘူးလား . . . . (ထင်ရှားပါတယ်ဘုရား)။

## ဒီနေရာပေါ်ပြီး ဒီနေရာပျောက်တယ်

ကြားတာကလေး၊ ကြားစိတ်ကလေး၊ ဒီနေရာပေါ် ဒီနေပျောက်တာကို သိလိုက်သဖြင့်၊ သောတဝိညာဏ် အနိစ္စံ

ဆိုတာလေးဟာလည်း၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပါဠိနဲ့သာဟောတာ၊ တို့ သန္တာန်မယ်ကြားတဲ့ သဘော လေးဟာ ပျောက်နေတယ်၊ ကြားလည်းကြားတယ်၊ ပျောက် လည်းပျောက်တယ်ဆို တာလေးဟာ မသိပေဘူးလား . . . (သိပါတယ်ဘုရား)။

အဲဒါ အနိစ္စအချက်ကလေးဖြစ်လိုက်တာ ဒကာ ဒကာမတို့၊ ဒီအချိန်မှာ ခင်ဗျားတို့ အဝိဇ္ဇာဟူ သမ္မုချုပ်လို့ ဝိဇ္ဇာဝင် လာလို့သာလျှင်၊ ကိုစောမောင် ဒါလေးကို ခင်ဗျား တို့မြင် လိုက်ရတာနော် . . . . (မှန်ပါ့) ဉာဏ်အမြင်ပေါ့ဗျာ . . . (မှန်ပါ့)။

အလင်းကလေး ဖျတ်ခနဲ ကွဲသွားသလိုတော့ဘယ် ဟုတ်မလဲ . . . . (မှန်ပါ့) သဘောကျပလား . . . . (ကျပါ တယ်ဘုရား) အဲဒီလိုတစ်ချက်မြင်လိုက်လို့ရှိရင်တဲ့ လိုချင်တာ အကုန်ရတယ်။

## မြင်တဲ့ပညာချုပ်သွားတယ်

ပညာ-မြင်တဲ့ပညာတော့ချုပ်သွားတယ်၊ မြင်ပြီးချုပ် တာပဲ . . . . (မှန်ပါ့) သဘောကျပလား . . . . (ကျပါတယ် ဘုရား) အင်း မြင်ပြီးသကာလ၊ အင်း ဖြစ်ပျက်လေးကလည်း ချုပ်သွားရော၊ သူ့နောက်ကလိုက်ပြီး မြင်တဲ့စိတ်ကရော . . . (ချုပ်သွားပါတယ် ဘုရား) ချုပ်သွားတာပဲတဲ့။

သို့သော် ဒီတစ်ခု ပညာသည်ကားလို့ ဆိုရင် ဒကာ ဒကာမတို့၊ အဝိဇ္ဇာနဲ့အများကြီးခြားနားပါတယ်တဲ့၊ သူ့ ဘာဝနာကံ ကတော့ မချုပ်ဘူး . . . . (မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား)

## သို့သော်သူ့ဘာဝနာကံကတော့ မချုပ်ဘူး

သူ့ဘာဝနာကံကတော့ မချုပ်နိုင်ဘူးဆိုသဖြင့်၊ ဒကာ ဒကာမတို့ ပညာကတော့ဖြင့် ဖြစ်ပျက်ရှုပြီး၊ အင်းတစ်ခါသိပြီးမောင်နိုင်၊ မောင်ဘမှိုတို့က သူလည်း တစ်၊ နှစ်ဆို မချုပ်ဘူးလား . . . . (ချုပ်ပါတယ်ဘုရား)။

ချုပ်ပေမဲ့ သူ့ဘာဝနာ၏ စွမ်းရည် သတ္တိကံ ကတော့ မချုပ်ဘူးတဲ့ . . . . (မှန်ပါ့) ကိုစောမောင် . . . . (မှန်ပါ့) ဘာဝနာကံ ကတော့မချုပ်ဘူးတဲ့ . . . . (မှန်ပါ့)

ဒါကြောင့် ဒါကြောင့် အဆက်တွေကရှိနေတော့၊ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက်၊ ဒီဟာလေးက ကျေးဇူးပြုပြီးသကာလ၊ ဒကာ ဒကာမတို့ အင်းဒီအနိစ္စလေးဟာ ပျောက်တယ်လို့ ရှိသေးရဲ့လား . . . . (မရှိပါဘူး ဘုရား)။

အင်း နောက်တစ်ခါ နှလုံးသွင်းလိုက်လို့ ရှိရင်လည်း ဘာဖြစ်လာ . . . . (အနိစ္စပါ ဘုရား) ပေါ်ပေါ်မလာဘူးလား . . . . (လာပါတယ် ဘုရား)။

## ဘာဝနာကံ၏အကျိုးဆက်က မချုပ်ဘူး

အဲဒါသည် ပညာသာ ချုပ်သွားတာတဲ့၊ ဘာဝနာကံ ၏ အကျိုးဆက်က ချုပ်ပါရဲ့လား . . . (မချုပ်ပါဘူး ဘုရား)။

ကောင်းပြီ ဒါဖြင့် အရှင်ဘုရားတဲ့၊ ဒါဖြင့် မိလိန္ဒမင်းကြီးက ပညာတော့ဖြင့် တစ်၊ နှစ်ဆိုရင် ချုပ်သွားတယ်၊ သူ့အမြင်ဓာတ်ကလေး ဆိုတဲ့သဘောလေးဟာ၊ မြင်ရာအကြောင်းလေးကတော့မချုပ်သေးဘူး ဆိုတဲ့ဉစ္စာ၊ တပည့်တော် မရှင်းဘူးဘုရားတဲ့၊ ပညာပျောက်လို့ ရှိရင်ဖြင့်တဲ့အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေလည်း အကုန်ပျောက်ပြီး နောက်လည်း ပေါ်စရာအ ကြောင်းမရှိဘူး။

ဟာ ဒကာကြီး ဒီလိုမယူနဲ့ ကိုစောမောင် . . . (မှန်ပါ့) အင်းရှုတဲ့အချိန် ပညာသာချုပ်သွားတယ်တဲ့၊ ဘာဝနာကံကလေးက ကျန်နေသေးတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

## ဝိပဿနာတစ်ချက်မြင်တဲ့ကျေးဇူး

ရှုတဲ့ကံ၊ ရှုတဲ့ဉာဏ်ကတော့ . . . (ချုပ်သွားပါတယ်ဘုရား) ဘာဝနာကံကတော့ . . . . (ကျန်ပါတယ်ဘု ရား)။

ဒါဖြင့် ဘုရားတဲ့ တပည့်တော် ဥပမာနဲ့ရှင်းပေးစမ်းပါ။ မိလိန္ဒမင်းကြီးက . . . (မှန်ပါ့) ဒကာ ဒကာမတို့ ဝိပ

သနာ တစ်ချက်မြင်တဲ့ ကျေးဇူးကိုပြောနေတာနော် . . . (မှန်ပါ့) ၊ ဝိပဿနာတစ်ချက်မြင်တဲ့ ကျေးဇူးကိုပြောနေတာ ။

ကဲ ဒါဖြင့်ပြောစမ်းပါလို့ ဆိုတော့၊ တပည့်တော်ဥပမာနဲ့ ထင်ရှားအောင်ပြောစမ်းပါဦးလို့ဆိုတဲ့ အခါကျတော့၊ ငါပြောပြမယ် ဒကာကြီး အသေအချာနားထောင်၊ မိလိန္ဒမင်းကြီးကိုရှင်နာဂသိန် ကပေ့ါဗျာ . . . (မှန်ပါ့)။

## ရှင်နာဂသိန်ဖြေကြားပုံ

ငါပြောပြမယ် ဒကာကြီးရ နားထောင်ပါတဲ့၊ လူတစ်ယောက်ညမှာသတိရတယ်တဲ့ စာရေးချင်တယ်၊ မည်သူ့ဆီကိုပေးချင်တယ်၊ စာရေးချင်တယ်၊ စာရေးချင်တဲ့ အခါကျတော့ အမှောင်ထဲရေးလို့ဖြစ်ပါ့မလား . . . . (မဖြစ်ပါဘူး ဘုရား)။

အင်း မီးအိမ်လေးထွန်းပြီးသကာလရေးလိုက်တယ် မီးလေးထွန်းပြီး ရေးလိုက်တဲ့အခါကျတော့ စာ၊ စာရွက်ပြည့်တယ်ဆိုပါစို့၊ ကိုယ်လိုချင်တဲ့ အကြောင်းအချင်းရာတွေ . . . . (မှန်ပါ့)။

ဒါဖြင့် ဒီစာကို မီးလေးထွန်းပြီး စာလဲရေးပြီးရော မောင်ဘမိုက မီးငြိမ်းလိုက်ပါကွ . . . (မှန်ပါ့) မီးငြိမ်းလိုက်

တယ် ဆိုတော့ မြင်ရသေးရဲ့လား . . . (မမြင်ရတော့ပါဘူး ဘုရား)။

မမြင်ရတော့ပါဘူးတဲ့၊ စာကို မမြင်ရဘူးတဲ့ . . . . (မမြင်ရပါ ဘုရား) သို့သော်တဲ့ ဒကာ ဒကာမတို့ မီးငြိမ်းလို့သာမမြင်ရတာ မနက်သွားကြည့်တော့ ဒီစာထဲမှာ ဒီစာလုံးတွေအကုန်ရှိတယ် . . . . (မှန်ပါ့) မရှိဘူးလား . . . . (ရှိပါတယ် ဘုရား)။

## ပညာ၏စွမ်းရည်သတ္တိကျန်တယ်

မနက်သွားကြည့်တော့ . . . . . (ရှိပါတယ်ဘုရား) ဒကာ ဒကာမတို့ ခုနက ပညာပင်ချုပ်ငြားသော်လည်း၊ ပညာ၏ စွမ်းရည်သတ္တိကျန်တယ်ဆိုတဲ့ သဘောမျိုးကို၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာလည်းတဲ့၊ ဒီပညာချုပ်သွားငြားသော်လည်း၊ ပညာက တစ်ချက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ မြင်ပြီးပြီဆိုမှဖြင့်၊ ဒီလိုအနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိတဲ့ကံတွေဟာ ဒကာ ဒကာမတွေ ဘယ်တော့မှမချုပ်တော့ဘူး၊ နောက်ကိုလည်း အနိစ္စ၊ နောက်ကိုလည်း အနိစ္စ၊ နောက်ကိုလည်း အနိစ္စပဲ စာကျန်နေသလို ကျန်နေတာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ တစ်ချက်ပေါက်ဖို့သိပ်အရေးကြီး ပါလား . . . (မှန်ပါ့) ဒကာ ဒကာမတို့ဘုန်းကြီးဘာတိုက် တွန်းပါတုံး . . . (ဝိပဿနာတစ်ချက်ပေါက်ဖို့ တိုက်တွန်း ပါတယ် ဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်တွေ့အောင်ရှာ

ဖြစ်ပျက်ကလေးနဲ့ ခင်ဗျားတို့ ရှုတဲ့မဂ်ကလေးနဲ့ တစ် ချက်ဖြင့် တွေ့အောင်ရှာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား) ဖြစ်ပျက်နဲ့မဂ်နဲ့ဖြင့် . . . (တွေ့ အောင်ရှာရမှာပါ ဘုရား)။

အဲဒီရှာတွေ့လို့ရှိရင် နောက်ကို ခင်ဗျားတို့သည် ကား လို့ဆိုရင်ဖြင့် ဖြစ်ပျက်ကလေး တွေ့ဖူးပါတယ်၊ တွေ့ဖူးပါ တယ်ဆိုတဲ့ဉစ္စာဟာ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ အ ပျက်ချည့်ရှိပါတယ် ဆိုတဲ့ဉစ္စာဟာ သိပြီးသားဖြစ်သွားတယ် . . . (မှန်ပါ့)၊ ဟုတ်ဘူးလား . . . (မှန်ပါ့)။

တကယ်ဉာဏ်နဲ့တွေးပြီး ဩော် . . . အပျက်ချည့် ပဲဘာမှမရှိဘူး၊ အပျက်ချည့်ပဲ ဘာမှမရှိဘူး ဆိုတဲ့ဉစ္စာ၊ တစ် ခါမြင်ပြီးတော့ခုနက ညအလင်းရောင်နဲ့စာရေးလိုက်တယ် မီးမှိတ်ပြီး သကာလနေပြောသော်လည်း စာကျန်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အလင်းရောင် နည်းနည်းမှိတ်၊ စာတော့ရေးလို့မဖြစ် ဖူးလား . . . (ဖြစ်ပါတယ်ဘုရား) ဒီမှာလည်းဉာဏ်တော့ မှိတ်ဖြစ်ပျက်တော့ တွေ့လိုက်တာပဲ၊ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

သို့သော် ဉာဏ်မှိတ်သွားငြားသော်လည်း စာကျန်ရစ် သလို ဖြစ်ပျက်တွေကတော့ဖြင့် ဘယ့်နှယ့်နေတုံး . . . (ကျန်ရစ်ပါတယ်ဘုရား)။

## ရဟန္တာဖြေတဲ့အဖြေ

ကျန်ရစ်တော့ နောက်ဘယ်အချိန်ကျုပ်တို့ မနက်မှ ထရှုလည်း . . . (ရပါတယ် ဘုရား) ဒီတစ်ခါတွေ့ပြီပဲတဲ့ နောက်ဘယ်အချိန်ထရှုရှု ဖြစ်ပျက်ဟာတွေ့ရမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) ။

အံမာလေး - ရဟန္တာဖြေတဲ့အဖြေမို့ ဒကာ ဒကာမ တွေအားတက်စရာလည်း၊ ကောင်းလှပါတယ် . . . (မှန်ပါ့) မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

အင်း ဒါဖြင့် တစ်ချက်မှ မတွေ့ဖူးတဲ့လူတော့ဖြင့် အမှောင်ထဲမွေး အမှောင်ထဲသေပဲ . . . (မှန်ပါ့) ဘယ်လို ဆိုကြပါ့ . . . (အမှောင်ထဲမွေး၊ အမှောင်ထဲသေပါဘုရား)။

အင်းဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုဆရာကောင်း သမားကောင်းနဲ့တွေ့၊ ဒီလိုဥပမာ ဥပမေယျတွေနဲ့ ရှင်နာဂသိန်နှင့် မိလိန္ဒမင်းကြီး အမေးအဖြေတွေလည်း အင်မတန်အဖိုး တန်တယ်ဆိုတဲ့အဓိပ္ပာယ် မရှင်းလား . . . (ရှင်းပါတယ်ဘုရား)။

ကဲဒါဖြင့် ဘာဝနာကံတွေကတော့ ချုပ်ရဲ့လား . . . (မချုပ်ပါဘူးဘုရား) အဲဉာဏ်သာချုပ်သွားတာ နော် . . . (မှန်ပါ့) အဲ နောက် ဘယ်အချိန်မြင်လို့ ဂရုစိုက် လိုက်၊ စိုက်လိုက်တဲ့ ဒကာ ဒကာမတွေတွေ့နေတာပဲ . . . (မှန်ပါ့)။

ဘာဝနာ၏ အကျိုးဆက်တွေက ကျန်မနေဘူးလား . . . (ကျန်နေပါတယ် ဘုရား) ရှင်းကြလား . . . (ရှင်းပါပြီ ဘုရား)။

## ရှေးဦးစွာဘာလိုပါလိမ့်

ဒါဖြင့် ဒကာ ဒကာမတို့ရှေးဦးစွာ ဘာလိုပါလိမ့်ဗျာ . . . (တစ်ချက်မြင်ဖို့ အရေးကြီးပါတယ် ဘုရား) အားလုံး ဒကာ ဒကာမတွေ ဘာအရေးကြီးပါတုံး . . . (တစ်ချက် မြင်ဖို့ အရေးကြီးပါတယ် ဘုရား)။

အဲဒီတစ်ချက်မှမတွေ့လို့ရှိရင်ဖြင့် ခင်ဗျားတို့ "တိ" မျိုးသာဆုံးဖြတ်ချက်ချမှတ် . . . (မှန်ပါ့) ဘယ်လိုဆုံးဖြတ်

ချက်ချမတုံး . . . (တီ မျိုးသာဆုံးဖြတ်ချက်ချ ရမှာပါ ဘုရား)။

" တီ "မျိုးဆိုတာသည် မွေးကတည်းကလည်း အမှောင်ထဲမှာ မွေးခဲ့တယ်၊ သူ့မျက်လုံးပါရဲ့လား . . . (မပါပါဘူး ဘုရား)အင်း . . . သေသွားတဲ့အခါကျတော့ . . . (အမှောင်ထဲသေပါတယ် ဘုရား)။

ဒီအမှောင်ထဲပဲ မျက်လုံးမပါပဲနဲ့ သေမသွားဘူးလား . . . . (သေသွားပါတယ် ဘုရား) အဲဒါသည် ဘုန်းကြီးကစိုးရိမ်တဲ့အတွက် ကိုယ့်အရင်းအချာ ဒကာ ဒကာမတွေကို သေသေချာချာပဲ တွေ့အောင်ရှာစမ်းပါ၊ တွေ့အောင်ရှာစမ်းပါ၊ မရှာတတ်ရင် ဘုန်းကြီးကိုလာမေးပါ။

## အလင်းထူးကိုရှာစမ်းပါ

ခင်ဗျားတို့ ကိုယ်တိုင်လည်းရှာတယ်၊ ရှာနည်းကို နေ့တိုင်းပြောနေပါတယ်၊ သဘောကျပလား . . . . (ကျပါတယ် ဘုရား)။

အဲ အလင်းထူးရပါစေတော့လို့ ကိုစောမောင် . . . (မှန်ပါ့) ဒီအလင်းထူးမှ မရလိုက်တော့ဘူးဆိုလို့ ရှိရင်ဖြင့် ဘာဝနာကံတွေ၏ အကျိုးအဆက်ဖြစ်တဲ့ အနိစ္စတွေကော တွေ့စရာမြင်သေးလား . . . . (မမြင်ပါဘူး ဘုရား)။

မမြင်တော့၊ ဩော် ငါမမြင်ပဲနဲ့ သေရတော့၊ ဉာဏ်မျက်လုံး ဘယ်အချိန်မှ ပါမသွားဘူးဆိုတဲ့ အဓိပ္ပာယ်ဆုံး ဖြတ်ချက်ချရင် မရပေဘူးလား . . . . (ရပါတယ် ဘုရား)။ သဘောကျပလား . . . . (ကျပါတယ် ဘုရား)။

ဒါဖြင့်ဒီထဲလာပြီးတရားနာလာကြတဲ့ ဒကာ ဒကာမတွေသည်၊ ဩော် . . . . တို့ဆရာဘုန်းကြီးသည် တစ်ချက်မြင်ရင်ဖြင့်နောက်ကျေးဇူးများပေ့ါလို့ ဟောတာ၊ တစ်ချက်ဖြင့် ကြိုးစားပြီး ရှုမယ်ဆိုတော့၊ ခင်ဗျားတို့ အတွက်မှာဖြင့် အလွန်ကောင်းပါတယ် . . . . (မှန်ပါ့) မကောင်းပေဘူးလား . . . . (ကောင်းပါတယ် ဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်တစ်ချက်မြင်အောင်လုပ်ပါ

ဒါဖြင့် တစ်ချက်ကလည်း တစ်ချက်မြင်လိုက်တယ်ဆိုတော့ အဝိဇ္ဇာချုပ်သွားတာ . . . . (မှန်ပါ့) ပညာပိုင်းကလည်း ဘယ့်နှယ့်နေတုံး . . . . (အဝိဇ္ဇာချုပ်သွားပါတယ် ဘုရား)

အဝိဇ္ဇာက မှောင်နေတာကိုးဗျ၊ ဒီထဲ အလင်းတည်းဟူသော ပညာက ဖောက်လိုက်တဲ့အခါကျတော့ ဘယ့်နှယ့်နေတုံး . . . . (အမှောင် ပျောက်ပါတယ်) အမှောင်ကိုအကုန်မပျောက်ဘူးလား . . . . (ပျောက်ပါတယ် ဘုရား)

ဩော် . . . . ဒါကြောင့် အရှိကိုအမြင်ရတာကိုး ကို စောမောင် . . . . (မှန်ပါ့)။ မီးထွန်းထားတော့ ရှိတဲ့ပစ္စည်း မမြင်ရဘူးလား . . . . (မြင်ရပါတယ်ဘုရား)၊ ဘယ်တူမလဲ အမှောင်ထဲ . . . . (မမြင်ရပါဘူး ဘုရား)။

အဲ . . ခင်ဗျားတို့ အနိစ္စမတွေ့ခဲ့ကြတာဟာ ရိပ်မိ ပလား . . . . (ရိပ်မိပါတယ်ဘုရား)၊ မီးကိုတစ်ခါမှ မထွန်းဖူး ,ဘူး . . . . (မှန်ပါ့)၊ သဘောကျကြလား . . . . (ကျပါတယ် ဘုရား)။

မီးကို တစ်ခါမှ မထွန်းဖူးတော့ အနိစ္စတွေ့သေးရဲ့ လား . . . . (မတွေ့ပါဘူး ဘုရား) ဒါဖြင့် အနိစ္စမှမတွေ့ သေးတဲ့ ပုဂ္ဂိုလ်သည် အနိစ္စမုန်းတဲ့ နိဗ္ဗိန္ဒဉာဏ် တက်ဖို့ ဘယ့်နှယ်တုံး . . . . (မတက်နိုင်ပါဘူး ဘုရား)။

အနိစ္စအဆုံးဆိုတဲ့ နိဗ္ဗာန် အနိစ္စ နိဗ္ဗာန်ကြီးလည်း ရောက်ပ့ါမလား . . . . (မရောက်နိုင်ပါဘူး ဘုရား) ဩော် . . ဒါဖြင့်ဆရာဘုန်းကြီး စိုးရိမ်တယ်ဆိုတာ စိုးရိမ်သင့်တယ် . . . . (မှန်ပါ့) အားလုံးသဘောပါကြပလား . . . . (ပါပါ တယ် ဘုရား)။

အဲ-တို့တော်တော်သေးရဲ့ ဆိုတာခင်ဗျားတို့ ဝမ်းသာ ကြပါ . . . . (မှန်ပါ့) မသာသင့်ဘူးလား . . . . (သာသင့်ပါ တယ် ဘုရား)၊ ကိုစောမောင် သာသင့်တယ် . . . . (မှန်ပါ့)။

## တစ်သံသရာလုံး အလင်းမရခဲ့ဘူး

တစ်သံသရာလုံး ဘယ်တော့မှ အလင်းမရခဲ့ဖူးဘူးဆို တာလည်းပေါ်ပလား . . . . (ပေါ်ပါပြီ ဘုရား) သို့သော် ငါတို့၏ စားချင်တဲ့စိတ်ကလေး ပျောက်သွားပြီ၊ ယားနေတဲ့ စိတ်ကလေး ဒီနေရာတင် ယားပြီး ဒီနေရာပျောက်သွားပြီ၊ နာတဲ့စိတ်ကလေး ဒီနေရာတင်နာပြီး ဒီနေရာ မှာပျောက် သွားပြီ၊ ကြားတဲ့စိတ်ကလေး ဒီနေရာတင်ဖြစ်ပြီးသကာလ ဒီနေရာတင်ပျောက်သွားပါပြီလို့ နှလုံးမသွင်းလို့၊ နှလုံးမသွင်း တဲ့ ဘဝတွေ အင်မတန်မများဘူးလား . . . . (များပါတယ် ဘုရား)

ဘာပြုလို့ကြောင့် နှလုံမသွင်းတဲ့ ဘဝတွေများပါလိမ့် မတုံးဆိုတော့ ဝိဇ္ဇာဝင်ခွင့်ရကြလား. . . . (မရပါဘုရား) အဝိဇ္ဇာကအကုန်ဖုံးထားပြီ . . . . (မှန်ပါ့)။

အဲတော့ အဝိဇ္ဇာကအကုန်ဖုံးထားတော့ အဝိဇ္ဇာက ခြယ်လှယ်တော့မှာပဲ . . . . (မှန်ပါ့) အဝိဇ္ဇာ ပစ္စယာ . . . . (သင်္ခါရာ) သင်္ခါရ ပစ္စယာ . . . . (ဝိညာဏံ) ဒါဖြင့်သူ့ ကြောင့်ဖြစ်တဲ့ ဝိညာဏ်ချည့်လုပ်တော့မှာပဲ . . . . (မှန်ပါ့)

ဝိညာဏ်ကနာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ နဲ့ဆိုပြီး ဒကာ ဒကာမတွေ သူကလဲ ပြန်မလှည့်ပေဘူးလား . . . . (လှည့်ပါတယ်)။

အာသ၀ သမုဒယာ၊ အဝိဇ္ဇာသမုဒယောဆို ပြန်မသွားပေဘူးလား . . . . (သွားပါတယ် ဘုရား) အဲ ဒကာဒကာမတွေ နောက်တုန်းက အဝိုင်းပြေးအမှောင်ထဲမှာနေခဲ့ရတယ် . . . . (မှန်ပါ့) သဘောကျပလား . . . . (ကျပါတယ်ဘုရား)။

## အဝိုင်းပြေးဆိုတာလမ်းရှာမတွေ့တာ

အဝိုင်းပြေးတယ်ဆိုတာ လမ်းရှာမတွေ့တာ . . . . (မှန်ပါ့) ဒီအဝိုင်းလမ်း၊ သေလမ်းမှတစ်ပါး တခြားပြေးသေးလား . . . . (မပြေးပါဘူး ဘုရား)

ဩော် . . . . ဒါဖြင့် အိုလမ်း၊ နာလမ်း၊ သေလမ်းမှတစ်ပါးတခြားလဲမပြေးတော့ဘူး၊ ဒကာ ဒကာမတို့ အဝိုင်းထဲမှာပဲ လှည့်ပြေးနေတာပဲ ဆိုတာကော သေချာပလား . . (သေချာပါတယ် ဘုရား)။

အဝိုင်းထဲလှည့်ပြေးတာပဲ ပြေးရပါစေတော့ ဟုတ်လား၊ သေခြင်းကောင်းနဲ့ ပြေးနေတာလား၊ သေခြင်းဆိုးနဲ့ပြေးနေတာလား . . . (သေခြင်းဆိုးနဲ့ပြေးနေတာပါ ဘုရား) သဘောကျပလား . . . . (ကျပါတယ်ဘုရား)။

## အလင်းလေးရအောင် ယူလိုက်စမ်းပါ

အဲဒါခု ဆရာဘုန်းကြီးနဲ့တွေ့တဲ့အချိန်မှာ အလွန့်အလွန်စိုးရိမ်ပြီးသကာလ ဒကာ ဒကာမတွေ အလင်းလေးရ

အောင်ယှုလိုက်စမ်းပါ။ အမှောင်ထဲ အဝိုင်းပြေးနဲ့ အသေဆိုး အနေဆိုးတွေနဲ့၊ မနေပါနဲ့ဆိုတာ မတိုက်တွန်းသင့်ဘူးလား . . . . (တိုက်တွန်းသင့်ပါတယ် ဘုရား)။

## ပညာတစ်ကြိမ်ပေါ်ဖို့ အရေးကြီးတယ်

ဒါဖြင့်ဘာအရေးကြီးတုံးဆိုတော့၊ ပညာတစ်ကြိမ်ပေါ်ဖို့အရေးကြီးတယ် . . . (မှန်ပါ့) ဘယ်လိုသတ်မှတ်ကြမယ် . . . . (ပညာတစ်ကြိမ်ပေါ်ဖို့ အရေးကြီးပါတယ်ဘုရား) ပညာတစ်ကြိမ်ပေါ်လိုက်လို့ရှိရင်ဖြင့်၊ ဘာဝနာပညာဆိုတာ ဘာဝနာပါပဲ၊ ပွားလို့မြင်လိုက်ရတာ အဲဒီ ဘာဝနာကံ၏၊ ဘာဝနာကံတွေကြောင့် ခင်ဗျားတို့နောက် ဘယ်အချိန်ရှုရှု ဖြစ်ပျက်ကလေးတွေတွေ့နေမှာပဲ . . . (မှန်ပါ့) (ဝါ) အနိစ္စကလေးတွေတွေ့နေမှာပဲ . . . (တွေ့ပါတယ်ဘုရား)။

တွေ့လို့ရှိရင်ဖြင့် ဒါ ဒကာ ဒကာမတို့မှတ်ပေတော့ အရှက်တက်တာမဲ . . . (မှန်ပါ့) ဟုတ်ဖူးလား . . . (မှန်ပါ့) ဆက်လက်ပြီး အဖြစ်အပျက်ကလေးကို မုန်းအောင် ရှု၊ ဆုံးအောင်ရှုလိုက်လို့ရှိရင်ဖြင်၊ ဆုံးအောင်ရှုတယ်ဆိုတော့ ဒုက္ခအဆုံးမြင်တဲ့မဂ်ဉာဏ်မရဘူးလား. . . (ရပါတယ်ဘုရား)။

အဲ. . မဂ်ဉာဏ်ရတဲ့အခါကျတော့ ဩော်. . . တို့ဖြင့် နေအလင်းထွက်ပေါ့ပော့! အကောင်းအဆိုး ရွေးတတ်ပေါ့

ဆိုတာ၊ ကိုယ့်ကိုယ်အတွက် မျက်စိနှစ်ကွင်း အလင်းရသွားတာပဲ. . . (မှန်ပါ)။

နို့မဟုတ်လို့ရှိရင် ဘုန်းကြီးတို့ ဒကာဒကာမတွေ စုံလုံးကန်းမွေးပြီး စုံလုံးကန်းသေတာ. . . (မှန်ပါ) မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ဘာတုံး. . . (စုံလုံးကန်းမွေးပြီး စုံလုံးကန်း သေတာပါဘုရား)

## ပညာမှတစ်ပါးကိုးစားရာမရှိ

အဲ ခုန ဖြစ်ပျက်မမြင်လို့ရှိရင်လေ. . . (မှန်ပါ) ဒါကြောင့် ဘုန်းကြီးကလည်း ကျန်းကျန်းမာမာရှိတုန်း၊ ဘုန်းကြီးတို့ ဒကာဒကာမတွေကလည်း ကျန်းကျန်းမာမာရှိတုန်းကိုဖြင့်၊ ပညာမှတစ်ပါးကိုးစားရာမရှိလို့ ဒီဖြစ်ပျက်မြင်တဲ့ပညာဖြင့်၊ ဒကာဒကာမတွေ ကြိုးစားပါလို့ တိုက်တွန်းရတယ်နော်. . . (မှန်ပါ)။

မတိုက်တွန်းသင့်ဘူးလား . . . (တိုက်တွန်းသင့်ပါတယ်ဘုရား) ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့သည် ပညာရှု တဲ့အချိန်မှာ ဘုန်းကြီးပြောတဲ့အတိုင်း၊ အင်း ဒီနေရာလေးမှာ ပေါ်တယ်၊ ဒီနေရာလေးမှာ ပျောက်တယ် ဆိုတာလေးကို ဘယ်စိတ်ပေါ်ပေါ်၊

ဘယ်ဝေဒနာပေါ်ပေါ်၊ ဩော် ဒီနေရာ လေးပေါ်ပြီး၊ ဒီနေရာပျောက်သွားတာကို၊ အင်း ကောင်းကင် လျှပ်စစ်ကလေးနဲ့ အတူတူပဲ၊ ဖျတ်ဆို လင်းပြီးဖျတ်ဆိုတိမ်ကြားမှာလင်းပြီး တိမ်ကြားပျောက်သွား တယ်။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## လျှပ်စစ်ကလေးနဲ့အတူတူပဲ

လျှပ်စစ်ကလေးက ဘယ်မှာလင်းပြီး ဘယ်ပျောက်တုံး. . . (တိမ်ကြားလင်းပြီး တိမ်ကြားတင်ပျောက်ပါတယ်ဘုရား)တိမ်ကြားလင်းပြီးတိမ်ကြားပျောက်ပဲဆိုတော့၊ ဒကာဒကာမတို့ သန္တာန်မှာ ယားတဲ့စိတ်ကလေးအတွင်းမှာ ယားတယ်၊ အတွင်းမှာယားပြီးအတွင်းမှာပျောက်ရရှာတယ်၊ ဘယ်များရွှေ့သေးလဲ (ဘယ်မှမရွှေ့ပါဘူး)။

သို့သော်လည်း ဒကာ ဒကာမတွေ ဒီလိုမသိတဲ့အခါကျတော့ ယားတာတွေ ဆက်လာတယ်။ ဟိုကယား ၊ ဒီကယား ဖြစ်လာတယ်လို့ ယားတာတွေ ဆက်တယ်လို့ ထင်ချင်ထင်နေမယ် . . . (မှန်ပါ့)

မထင်သေးဘူးလား . . . (ထင်ပါတယ်ဘုရား)- အဲဒါလဲနေတော့ ဒကာ ဒကာမတို့ သူတို့ဖြစ်နေတဲ့ ပရမတ်မဟုတ်ပါဘူး . သဘောကျပလား . . . (ကျပါတယ်ဘုရား)

## ဝိဉာဏ်ဝင်လာလို့ အဝိဇ္ဇာချုပ်တယ်

ဘာလို့ဒီနေရာ ဖြစ်ပြီးဒီနေရာပျက်တယ်ဆိုတာ အသေအချာမှတ်ပါ . . . (မှန်ပါ့)ရှင်းပလား . . . (ရှင်းပါပြီးဘုရား)ဒီနေရာဖြစ်ပြီး ဒီနေရာပျောက်တယ်ဆိုတော့၊ ဒကာဒကာမတို့ အဝိဇ္ဇာချုပ်သွားလို့ ဝိဇ္ဇာဝင်လာလို့၊ ဩော် . . ဝေဒနာလေးဟာလည်း ဖြစ်ပျက်ပါလား၊ ဒီနေရာပေါ်တဲ့ စိတ်ကလေးဟာကော . . . (ဖြစ်ပျက်ပါဘုရား)

ဩော်ဖြစ်ပျက် အနိစ္စပါလားဆိုတာ ဘယ်သူဝင်လာလို့တုံး . . . (ဉာဏ်ဝင်လာလို့ပါဘုရား) ဉာဏ်ဝိဇ္ဇာ ဝင်မလာဘူးလား . . . (ဝင်လာပါတယ်ဘုရား)။

ဝင်လာတဲ့အချိန်ကျတော့ ဝိဇ္ဇာလည်းဝင်လာပါရော ပဋိစ္စသမုပ္ပါဒ် အစကချုပ်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အစကချုပ်တော့ ဩော် . . . နေရာကျလိုက်တာ အဝိဇ္ဇာချုပ်လို့ ရှိရင်ဖြင့် သင်္ခါရ မင်းချုပ်တော့ ဆိုစရာ လိုသေးသလား . . . (မလိုပါဘူး ဘုရား)။

ဝိညာဏ် . . . (မလိုတော့ပါဘူး ဘုရား) အဲဝိညာဏ်ဆိုတာ ပဋိသန္ဓေဝိညာဏ် . . . (မှန်ပါ့) မင်းချုပ်တော့လို့ဆိုရဦးမှာလား . . . (မဆိုရပါဘူးဘုရား)။

## သံသရာစခန်း သတ်တဲ့အလုပ်

အဲသူကပွားမယ့်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေ . . . (အကုန်ချုပ်ပါတယ်ဘုရား) အဲဒါဖြင့် ဒကာ့ ဒကာမ တို့ သံသရာစခန်းသတ်တဲ့အလုပ်ပါလား . . . (မှန်ပါ့)

ဘယ်လိုဆုံးဖြတ်ချက်ချမတုံး . . . (သံသရာစခန်းသတ်တဲ့အလုပ်ပါ ဘုရား)။ သံသရာစခန်းသတ်တဲ့အလုပ်၊ သံသရာဆိုတာသည် ဒကာ ဒကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး၊တစ်စိတ်ပြီး တစ်စိတ်ပေါ်နေတာ၊ တစ်ရုပ်ပြီးတစ်ရုပ်ပျက်နေတာဘာခေါ်ကြမတုံး . . . (သံသရာပါဘုရား)။

အဲဒီ သံသရာဟာ၊ သံသရာတစ်ခုလုံး ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) အဲ ဒုက္ခချုပ်တာဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဒုက္ခချုပ်အောင်ဉာဏ်ပေးနေတာ

အိုတာ၊ နာတာ၊ သေတာတွေကော ဘာဖြစ်တုံး . . . (ချုပ်ပါတယ်ဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား) အင်းဒါဖြင့် ဆရာဘုန်းကြီး တရားဟောနေတာ ဒကာ ဒကာမတွေဘယ်အကျိုးငှာ ပါလိမ့်မတုံးဆိုတာပေါ်ပလား . . . (ပေါ်ပါပြီ ဘုရား)။

တို့သန္တာန်မှာရှိတဲ့ ဒုက္ခကိုအကုန်ချုပ်အောင်တဲ့ ဟော့ ဉာဏ်ပေးနေတာ ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဉာဏ်သည် ဖြစ်ပျက်ကိုမြင်တဲ့ဉာဏ်သည် ဝိဇ္ဇာလား၊ အဝိဇ္ဇာလား . . (ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာလာတော့ ဘယ်သူချုပ်တုံး . . . (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) အဝိဇ္ဇာတင် ချုပ်တာလား . . . သူ့နောက်က တစ်တန်းကြီးကော (ချုပ်ပါတယ်ဘုရား)။

## အသေလွတ်ဖို့ ကယ်တင်နေတာ

အင်း . . . နေရာကျလိုက်တာ ဒကာဒကာမတို့ အဝိဇ္ဇာချုပ်တာ သူ့နောက်က လာမည့် သင်္ခါရတို့ ဝိညာဏ်တို့ တဏှာတို့၊ ဥပါဒါန်တို့၊ ကံတို့ကော . . . (အကုန်ချုပ်ပါတယ်ဘုရား)။

ဇာတိ၊ ဇရာ မရဏတွေကော . . . (ချုပ်ပါတယ်ဘုရား) အဲ ဒါဖြင့် ဒကာဒကာမတို့၊ ဪ တို့ဆရာဘုန်းကြီး ကယ်တင်နေတာ အသေလွတ် ဟုတ်လား (မှန်ပါ့) အလင်းရ အမှောင်မှ လွတ်ပြီး သကာလ အလင်းရတယ်။

ပြီးတော့ အို၊ နာ၊ သေ၊ မွဲ၊ ကွဲတွေလည်း အင်း တို့နဲ့ မဆက်သွယ်ရအောင်လို့ ဒီအလုပ်လုပ်ခိုင်းတာပဲဆိုတာ ကောင်းကောင်းပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့် မနေ့က တရားကိုပဲ ဒကာ ဒကာမတို့ နည်းနည်းပြန်ရှင်းပေးပါ့မယ်။

သတိပဋ္ဌာန် ပါဠိတော်မှာ မဟာဝဂ္ဂသံယုတ် သတိပဋ္ဌာန်ပါဠိတော်၌ သတိပဋ္ဌာန်က တစ်မျိုး၊ ဒကာ ဒကာမတွေ သတိပဋ္ဌာန ဘာဝနာက . . . (တစ်မျိုးပါဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

တစ်နံပါတ်က ဘာတဲ့ . . . (သတိပဋ္ဌာန်တစ်မျိုးပါဘုရား) နှစ်နံပါတ်က . . . (သတိပဋ္ဌာနဘာဝနာပါဘုရား) ကောင်းပြီတဲ့ ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ အင်းသွားချင်တဲ့ စိတ်ကလေးပေါ်လာတယ် ကိုစောမောင်ရ . . . (မှန်ပါ့) ငါသွားချင်လိုက်တာ ဆိုတာက သူသိလား . . . (သိပါတယ် ဘုရား)။

သွားချင်တဲ့ စိတ်ကလေး ပေါ်လာတာပဲ၊ သွားချင်တယ်လို့ သူ့ဟာသူ မသိဘူးလား . . . (သိပါတယ်ဘုရား) အင်း သွားချင်တဲ့စိတ်ကလေး ပေါ်လာတဲ့ အခါကျတော့ ငါထချင်သွားချင်လိုက်တာ မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

## သတိပဋ္ဌာန်ဆိုတာ

အင်း . . သွားချင်တာကို သွားချင်တာမှန်းသိတာသည် သတိပဋ္ဌာန်ပဲ . . . (မှန်ပါ့) သွားချင်တာကို သွားချင်

တာမှန်း သိတာ . . . (သတိပဋ္ဌာန်ပါဘုရား)။ ဘာဝနာ မဖြစ်ပါဘူးဗျ . . . (မဖြစ်ပါဘူး)။

မဖြစ်ပါဘူးတဲ့ ဒကာဒကာမတို့ ဘာဝနာ မဖြစ်ဖူးတဲ့ သွားချင်မှန်း၊ စားချင်မှန်း သိရုံနဲ့ ဘာဝနာမဖြစ်ပါဘူးဗျ . . . (မဖြစ်ပါဘူး)။

ဒါ အသေအချာ မှတ်ပါ ဒါ အလုပ်စခန်းကို ဟောနေတယ် (မှန်ပါ့) သွားချင်တဲ့ စိတ်ကလေး ဖြစ်တာ ကိုစောမောင်က ဥပမာမယ် အင်း . . ဈေးရောင်းသွားချင်တယ် ငါသွားချင်တာ ခုနက မသိဘူးလား . . . (သိပါတယ်ဘုရား)။

သတိပဋ္ဌာန်တော့ ဖြစ်တယ် . . . (မှန်ပါ့) ဟုတ်လား . . . (မှန်ပါ့) ဘာဝနာတော့ မဖြစ်ဖူးတဲ့ သတိပဋ္ဌာန်တော့ ဘာတုံး (ဖြစ်ပါတယ်ဘုရား)။

ဩော် သူ သတိရှိလို့ ကိုစောမောင်ရဲ့ သွားချင်တဲ့ စိတ်ကလေး ဖြစ်တာကို သွားချင်တဲ့စိတ်ကလေး ခုနက ဖြစ်တယ်လို့ သူသိတယ် . . . (မှန်ပါ့) သတိပဋ္ဌာန်ကတော့ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဘုရား)။

## ဘာဝနာဘာကြောင့် မဖြစ်ပါလိမ့်

ဘာဝနာတော့ . . . (မဖြစ်ပါဖူးဘုရား) ဘာ့ကြောင့် ဘာဝနာမဖြစ်ပါလိမ့် မတုံးဆိုတော့ အမေးထုတ်တဲ့ အခါကျတော့ သွားချင်တဲ့စိတ်ကလေး ဖြစ်တာတော့ သူသိတယ်၊

သွားချင်တဲ့စိတ်ကလေး ဖြစ်ပြီး ဒီနေရာမှာ ချုပ်တာ သူသိရဲ့လား . . . (မသိပါဘူးဘုရား)။

မသိတော့ ဘာဝေတဗ္ဗ ဘာဝနာဟာ ဖြစ်ကို မဖြစ်ဖူး၊ သတိပဋ္ဌာန် သာဖြစ်၊ ဘာဝနာ မဖြစ်ဖူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## သတိပဋ္ဌာနဘာဝနာဆိုတာ

ဒါဖြင့် ဝေဒနာကို ဝေဒနာမှန်းသိရင် သတိပဋ္ဌာန် ဝေဒနာလေး၏ ဖြစ်မှု ချုပ်မှုကို သိရင် . . . (ဘာဝနာပါဘုရား) သတိပဋ္ဌာန ဘာဝနာ။

ဝေဒနာလေး ဖြစ်တိုင်း ဖြစ်တိုင်း သိရင် . . . (သတိပဋ္ဌာန်) အာ. . . ဝေဒနာလေးသည်ကားလို့ ဆိုလို့ရှိရင် ဖြစ်လည်းဖြစ်တယ်၊ ချုပ်လည်းချုပ်တယ်လို့ သိရင် . . . (သတိပဋ္ဌာန ဘာဝနာပါဘုရား) သတိပဋ္ဌာန ဘာဝနာလို့ ဘုရားက အသေအချာ ကိုယ်တော်တိုင်ဟောတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သတိပဋ္ဌာန်နဲ့တင် မနေပါနဲ့

ဒါဖြင့် ဒကာဒကာမတွေကို သတိပဋ္ဌာန်နဲ့တင် မနေပါနဲ့ဆိုတာ အထူးတိုက်တွန်းတယ် . . (မှန်ပါ့) သတိ

ပဋ္ဌာန ဘာဝနာကျအောင် လိုက်ပါလို့ ဆိုတာ မတိုက်တွန်း သင့်ဘူးလား (တိုက်တွန်းသင့်ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သန္တာန်မှာ ဘယ်စိတ်ပေါ် ပေါ် ဟုတ်လား၊ ဒီနေရာတင် ခုနက ကောင်ကင်က လျှပ်စစ် လိုပဲ၊ ပေါ်တဲ့နေရာမှာ ပေါ်ပြီး၊ ဤနေရာမှတစ်ပါး မရွေ့ မရှားဘဲနဲ့ ဤနေရာမှာပဲ ပျောက်သွားတယ်ဆိုတာလေး ကိုဖြင့် ဒကာဒကာမတို့ ဘယ်စိတ် ပေါ်ပေါ် နှလုံးသွင်းပါ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဘယ်စိတ်ပေါ်ပေါ် နှလုံးသွင်းပါ

ဘယ်စိတ်ပေါ်ပေါ် နှလုံးသွင်းပါဆိုတော့ ဒါ စိတ္တာ နုပဿနာ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) စိတ္တာ နုပဿနာထဲမှာ ဒီစိတ်သည် ဒီဝေဒနာနဲ့ ကင်းပ့ါမလား . . . (မကင်းပါဘူးဘုရား)။

မကင်းလို့ ရှိရင်ဖြင့် ဝေဒနာက ကျုပ်တို့ကို ပြောချင် တာပြောလို့ ထင်နေတော့ ဝေဒနာလည်းပါတယ် . . . (မှန်ပ့ါ) ပညာလည်း မပါဘူးလား . . . (ပါ ပါတယ်ဘုရား) ပါတော့ ဓမ္မာနုပဿနာလည်း ပါတယ် . . . (မှန်ပ့ါ)။

ဒါဖြင့် စိတ်တစ်ခုဖြစ်ရင် ဝေဒနာနုပဿနာလည်း ပါ၏။ ဓမ္မာနုပဿနာကော . . . (ပါပါတယ်ဘုရား) အင်း ကာယာနုပဿနာလည်း ပါတာပဲတဲ့ စိတ်ပဲ ဒကာ ဒကာမ တွေ။

ကျန်တာတွေဟာ စိတ်ကြောင့်ဖြစ်တယ်ဆိုသဖြင့် စိတ်ချုပ်သူလည်း ချုပ်တော့ ရုပ်ကလည်း မပါလား . . . (ပါပါတယ်ဘုရား)။

**ဘာဝနာကလေးလိုက်ဖြစ်အောင်လိုက်ပေးပါ**

အဲ့ဒါကြောင့် အကုန်နောက်ဖြင့် လိုက်မနေပါနဲ့ ပါတာကို ဆရာဘုန်းကြီးက သိအောင်လို့သာ ပြောတာ စင်စစ်တော့ဖြင့် ကိုယ့်ဉာဏ်နဲ့ တည့်တာက ဒီစိတ်ကလေး ပေါ်လာတယ် ဒီစိတ်ကလေး ဒီနေရာပေါ် ဒီနေရာ ပျောက် တယ်ဆိုတဲ့ ဘာဝနာကလေးဖြင့် နောက်က လိုက်ဖြစ်အောင် လိုက်ပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဘယ်စိတ်ပေါ်ပေါ်နောက်က ဒီစိတ်ကလေးက ပေါ်လည်း ပေါ်တယ်၊ ပျောက်လည်းပျောက်တယ်ဆိုတာ နောက်က ဘာလိုက်ရမတုံး . . . (ဝိပဿနာလိုက်ရမှာပါ ဘုရား)။

လိုက်တာ ဘာခေါ်ကြမတုံး (သတိပဋ္ဌာန ဘာဝနာ ပါဘုရား) သတိပဋ္ဌာန ဘာဝနာ မဖြစ်ဖူးလား . . . (ဖြစ်ပါ တယ် ဘုရား)။

စိတ်ကလေးဖြစ်သွားတယ်သာ သိတယ်၊ ဒကာ ဒကာမတို့ပျက်သွားတာမသိရင် ဘာခေါ်ကြမတုံး ... (သတိပဋ္ဌာန်ပါ ဘုရား)။

အဲစိတ်ကလေးဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲပျက်တယ်လို့ သိရင် ... (သတိပဋ္ဌာနဘာဝနာပါဘုရား)သတိပဋ္ဌာနဘာဝနာ။

## သတိပဋ္ဌာနဘာဝနာဖြစ်မှသာ၊ မဂ်ဆိုက်တယ်

ကောင်းပြီ ဒကာ ဒကာမတို့၊ ဒါဖြင့် သတိပဋ္ဌာန ဘာဝနာဖြစ်မှသာလျှင် မဂ်ဆိုက်တယ် ...(မှန်ပါ့) သဘောကျပလား ...(ကျပါတယ်ဘုရား) သတိပဋ္ဌာန ဘာဝနာဖြစ်မှ သာလျှင် ... (မဂ်ဆိုက်ပါတယ်ဘုရား)။

သတိပဋ္ဌာန ဘာဝနာဖြစ်တဲ့အခါကျတော့၊ ဒကာ ဒကာမတို့ ဘာကြောင့် မဂ်ဆိုက်သတုံးဆိုတော့၊ ဤနေရာမှာ စိတ်ကလေးတစ်ခု ချုပ်သွားတယ် မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)။

အင်းသူသည် ကားလို့ဆိုရင်ဖြင့် သတိထားတဲ့ ပုဂ္ဂိုလ်မို့ ဖြစ်တာလည်းသိ၊ ပျက်တာလည်း ... (သိပါတယ်ဘုရား) ဒါဖြင့် သတိကော မပါဘူးလား ... (ပါပါတယ်ဘုရား) ဒါ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ဖြင့် ဘယ်လောက်ပဲလှည့်နေနေ သူသိပါ့မလား ... (မသိပါဘူး ဘုရား)။

ဒါဖြင့် သမာဓိရှိတဲ့ ပုဂ္ဂိုလ်မို့လည်း ထစ်ခနဲဆိုသိတာပဲ၊ ထစ်ခနဲဆိုသိတာပဲဆိုတာ မလာဘူးလား . . (လာပါတယ်ဘုရား)။

ဒါဖြင့် သမာဓိပါမပါ . . . (ပါပါတယ်ဘုရား) ကောင်းပြီ ဒါဖြင့် သတိမဂ္ဂင်လည်းပါ၊ သမာဓိ မဂ္ဂင်လည်းပါ၊ ဒကာဒကာမတို့ အိမ်မှာ နေပြောသော်လည်း ဝီရိယ စိုက်ပါနော်၊ ကိုယ့်သန္တာန်ဖြစ်တဲ့ တရားလေးဟာ၊ ဖြစ်ပျက်ကလေးကိုဖြင့် ဝီရိယစိုက်ပါဆိုတော့ ဒကာဒကာမတွေ ဝီရိယစိုက်တဲ့ အချိန်ကျတော့ မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)။

တွေ့တော့ ဒါဝီရိယလည်း ပါနေတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အင်း ဒကာဒကာမတွေ အကြံမကောင်းတဲ့ ပုဂ္ဂိုလ်မှာ ကြံလုံးလွဲနေတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုဖြစ်ဖြစ် ဘယ်လိုပျက်ပျက်ကြံလုံး ကင်းနေတဲ့ပုဂ္ဂိုလ်မှာ အပြစ်သင့်လို့ ဆက်သွယ်နိုင်သေးရဲ့လား . . . (မဆက်နိုင်ပါဘုရား)။

ဒါဖြင့် သမ္မာသင်္ကပ္ပလည်း ပါတယ် . . . (မှန်ပါ့) ပညာကတော့ဖြင့် ဖြစ်တာလည်း သူသိ၊ ပျက်တာလည်း သူသိတာကတော့ဖြင့် ဒီအဝိဇ္ဇာကို ထိုးဖောက်နိုင်လို့ သူသိတာ မပေါ်လား . . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာကိုထိုးဖောက်တာကတော့ ဘယ်သူပါလိမ့် (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာပညာမို့လား . . . (မှန်ပါ့ဘုရား) ဒါဖြင့် ဒီထဲမှာ ဘယ်သူသည် ဖြစ်ပျက်အပေါ်၌ ထိုးထွင်းပြီး သိပါလဲ မေးရင် ဖြေနိုင်ကြရဲ့လား . . . (ဖြေနိုင်ပါတယ်ဘုရား)။

## မဂ္ဂင်ငါးပါးပါတယ်

ဘယ်သူပါလိမ့် . . . (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာပညာပဲဆိုရင် သဘောကျပလား . . . (ကျပါတယ်ဘုရား) အင်းပညာက ဒကာဒကာမတို့ မဂ္ဂင်လိုသုံးသပ်တော့ သမ္မာဒိဋ္ဌိမဂ္ဂင် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲမှာ မဂ္ဂင်ငါးပါး ပါမနေဘူးလား . . . (ပါနေပါတယ်ဘုရား) အဲ မဂ္ဂင်ငါးပါးသည် ဒကာဒကာမတို့ မဂ္ဂင်ငါးပါးပေါ်နိုင်အောင်တော့ဖြင့် ဒကာဒကာမတို့ သတိပဋ္ဌာန ဘာဝနာဖြစ်မှ ပေါ်မယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်စိတ်ပေါ်ပေါ် ဘာလုပ်ကြမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုလို့ရှိရင် ဘာဖြစ်တုံး . . . (သတိပဋ္ဌာန ဘာဝနာ ဖြစ်ပါတယ်ဘုရား)။

## သတိပဋ္ဌာနဘာဝနာဆိုတာ မဂ္ဂင်ကိုခေါ်တာ

သတိပဋ္ဌာန ဘာဝနာဆိုတာ ဘယ်သူ့ ခေါ်တာ တုံးဆိုတော့ မဂ္ဂင်ကို ခေါ်တာ . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါတယ်ဘုရား) သတိပဋ္ဌာန ဘာဝနာဆိုတာ . . . (မဂ္ဂင်ကိုခေါ်တာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မဂ်ဆိုတာ သိရုံနဲ့ ရတာလား တဲ့ အဖြစ်အပျက်နှစ်ခုကို မြင်အောင်ရှုနိုင်မှ ရတာလား . . . (အဖြစ်အပျက်နှစ်ခုကို မြင်အောင်ရှုမှ ရတာပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ စာမတတ်ပေမဲ့လည်း မြင်အောင်ရှုနိုင်ရင် . . . (ရပါတယ်ဘုရား) စာတတ်ပင် နေပြားသော်လည်း မရှုပဲနေရင် . . . (မရပါဘူးဘုရား)။

မရဘူး၊ မဂ်မရဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) ဒီမှာ သက်သေခံ မလုံလောက် သေးဘူးလား . . . (လုံလောက်ပါတယ်ဘုရား)။

သတိပဋ္ဌာန ဘာဝနာအလုပ်ကို မလုပ်ခဲ့သော် ဒကာဒကာမတို့ မဂ်ကိုပဲ ဆိုက်ပါ့မလား . . . (မဆိုက်ပါဘူး ဘုရား)။

အဲ မဂ္ဂင်၊ ရှေ့သွားမဂ်မှမရဘဲနဲ့နောက်လိုက် ရှစ်ပါး ပြည့်တဲ့ မဂ္ဂင်ကော ရပ့်မလား . . . (မရပါဘူးဘုရား)။

## အရှက်တက်မှ နေထွက်မယ်

ဒါကြောင့် ဒကာဒကာမတို့တဲ့ နာမရူပပရိစ္ဆေဒကျမ်းက အသေအချာဆိုတယ်။ နေအရှက်တက်လာတာနဲ့ ဒီဉာဏ် ငါးခု ပေါ်တာနဲ့တူတယ် . . . (မှန်ပါ့)။

ဒီဉာဏ်ငါးခုနဲ့ ရှုပါများလာတော့ ကိုယ့်စိတ်ကို ကိုယ်မမုန်းပေဘူးလား . . . (မုန်းပါတယ်ဘုရား) နောက်ကျတော့ မလိုချင်တော့ပါဘူးဆိုတော့ ဒုက္ခရောက်တဲ့ ဒုက္ခသစ္စာပဲ မလိုချင်ပါဘူးဆိုပြီးတော့ ဆုံးမသွားဘူးလား . . . (ဆုံးသွားပါတယ်ဘုရား)။

သူဆုံးမသွားပေဘူးလား . . . (ဆုံးသွားပါတယ်ဘုရား) သူ ဆုံးသွားတော့ မဂ္ဂင် ဘယ်နှစ်ပါးဖြစ်တုံး . . . (ရှစ်ပါးဖြစ်ပါတယ်ဘုရား)။

အဲ . . ဒါဖြင့် ဒီက နေမှမထွက်ပဲ ဒီက အရှက်မှ မတက်လို့ရှိရင် ဒီဘက်က ရှစ်ပါးနေက ထွက်ချင်လို့ . . . (မရပါဘုရား)။

ဒါဖြင့် ပူရေစာရိကမဂ် ဟိုဘက်က လောကုတ္တရာမဂ် သဘောကျပလား . . . (ကျပါတယ်ဘုရား) လောကုတ္တရာမဂ် ဘယ်အချိန် လာမှာတုံးလို့ အမေးထုတ်ဖို့ မလိုဘူး လား . . . (လိုပါတယ်ဘုရား)။

အဲ အမေးထုတ်ဖို့ လိုတဲ့အခါကျတော့ ဒကာဒကာမ တို့ သူရင့်ကျက်ရင် လာလိမ့်မယ် . . . (မှန်ပါ့) ဘယ့်နှယ် ဆိုကြမတုံး . . . (သူရင့်ကျက်ရင် လာမှာပါဘုရား)။

လောကီမဂ္ဂင်ငါးပါး ဖြစ်ပျက်ကို မြင်တိုင်း မြင်တိုင်း မဂ္ဂင်ငါးပါးပေါ်လို့ရှိရင် သူရင့်ကျက်ရင် တစ်နာရီနဲ့ ရင့်ကျက်ရင် တစ်နာရီကျော်ရင် ပေါ်တော့မယ် . . . (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါး မပေါ်ပေဘူးလား . . . (ပေါ်ပါတယ် ဘုရား) ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား) ဒါကြောင့် နာမရူပ ပရိစ္ဆေဒကျမ်းက ဒါဆိုတာပဲ သူရင့်ကျက်ဖို့ အရေးကြီးတယ်ကွာ သဘောကျပလား . . . (ကျပါတယ် ဘုရား)။

## ဖြစ်ပျက်ပွားပေးစမ်းပါ

ဘာရင့်ကျက်ဖို့ ပါလိမ့် ဘယ်နှစ်ပါး ရင့်ကျက်ဖို့ ပါလိမ့် . . . (ငါးပါးရင့်ကျက်ဖို့ပါဘုရား)။

ရှေ့ဆက်မယ် သတိပဋ္ဌာန ဘာဝနာ ပွားပေးစမ်းပါ ဖြစ်ပျက်မြင်တဲ့ ဘာဝနာ ပွားပေးစမ်းပါ။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နောက်ကျတော့ ပွားများဖန်များလာတဲ့ အခါ ကျတော့ သူသည် ဖြစ်ပျက် သင်္ခါရကို စွန့်တယ် . . . (မှန်ပါ့) ဟုတ်ပလား . . . (မှန်ပါ့)။

ဖြစ်ပျက်သင်္ခါရစွန့်သွားတော့ ဖြစ်ပျက်မရှိတဲ့ ဘက်ကို ဦးလှည့်မယ် . . . (မှန်ပါ့) ပထမတော့ သူဖြစ်ပျက်နဲ့ နေမှာပဲတဲ့ . . . (မှန်ပါ့)။

နောက် ရှုတာ ရှုရင်း ပျက်လာလို့ရှိရင် သူဘာစွန့်မတုံး . . . (ဖြစ်ပျက်စွန့်ပါတယ်ဘုရား)။ ဖြစ်ပျက်စွန့်တော့ ဖြစ်ပျက်မရှိတာ နိဗ္ဗာန် . . . (မှန်ပါ့)။

အဲဒီဘက် ကူးလိမ့်မယ်ကွတဲ့ . . . (မှန်ပါ့) ဒါဖြင့် သူညွှတ်ဖို့ရာက ကျုပ်တို့ တာဝန် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

သူညွှတ်အောင် လုပ်နေလို့ ရှိရင်ဖြင့် နိဗ္ဗာန်တည်းဟူသော ဖြစ်ပျက်အဆုံးကို ဒကာဒကာမတို့ တေသံဝူပသမော သုခေါလေ . . . (မှန်ပါ့)။

တေသံ - ထိုဥဒယ ဘယတို့ကို (ဝါ) ဖြစ်ပျက်တို့၏ (ဝါ) သင်္ခါရတရားတို့၏၊ ဝူပသမော = မရှိချင်းသည်၊ သုခေါ= နိဗ္ဗာန်ပဲ မဟောပေဘူးလား . . . (ဟောပါတယ်ဘုရား)။

## နိဗ္ဗာန်ဘယ်အချိန်ရမှာတုံး

အဲ သံယုတ် ပါဠိတော်မှာ ဒီအတိုင်း ဟောတယ် ဖြစ်ပျက်မရှိလို့ ရှိရင် ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)

အဲ နိဗ္ဗာန်က ဘယ်အချိန် ရမှာတုံးလို့ မေးဖို့ မလိုဘူးလား . . . (လိုပါတယ်ဘုရား)။

သူတို့ ငါးခု ရင့်ကျက်ရင် . . . (ရမှာပါဘုရား) သူတို့ ငါးခုမရင့်ကျက်သ၍ . . . (မရပါဘူးဘုရား)။ ဒါဖြင့် တစ်ခါတည်း ရှုသာပေးတဲ့ ငါးမိနစ်အတွင်း ရင့်ကျက်ရင် ငါးမိနစ်အတွင်း နိဗ္ဗာန်ရောက်တယ် . . . (မှန်ပါ့)။

ဒီလိုဟာမျိုးကျတော့ ဘယ်ငါးမိနစ်ကြာမတုံး ဒကာ ဒကာမတွေ ဒီငါးပါး ပေါ်ပြီး နောက်ရှစ်ပါး မကြာခင် လိုက်လာတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါ တယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီအတိုင်းသာ လုပ်လို့ရှိရင် ဖြင့် မဂ်မရထိုက်တဲ့ ပုဂ္ဂိုလ်လို့ ဆိုလို့ရပါ့မလား . . . (မရ ပါဘူးဘုရား)။

## ပါရမီရှိလို့ရကြတာ

အေး . . . ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ အများကြီး ပါရမီရှိလို့ ရတာ၊ ဘယ့်နှယ်လောက် ဘာမှ စိုးရိမ်မနေနဲ့ ဒုလ္လဘတရားငါးပါး ခဏခဏ ပြောနေတယ်။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘုရားသာသနာနဲ့ ကြုံခြင်းကလည်း ဘာတုံး

(ဒုလ္လဘပါဘုရား) သစ္စာတရား ဟောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ ကြုံခြင်း က (ဒုလ္လဘပါဘုရား) ထောင်နိုင်တဲ့ နားနဲ့ ကြုံခြင်းက . . . (ဒုလ္လဘပါဘုရား)။

အဲ့ဒီသုံးခု ဖြစ်ပျက်ရှုနေလို့ ဖြစ်မှုနဲ့ ကြုံခြင်းကတော့ . . . (ဒုလ္လဘပါဘုရား) ပြော် ဒါဖြင့် ရရမယ်ကွတဲ့ အင်္ဂုတ္တိုရ် က . . . (မှန်ပါ့) ရရမယ်တဲ့ ဒကာဒကာမတို့ ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ် ရရမယ်တဲ့ (မှန်ပါ့) သဘောကျပလား . . . (ကျပါ တယ်ဘုရား)။

အဲတော့ကိုး ဘာဆုမှ ပန်တာလည်း မဟုတ်ဘဲနဲ့၊ သာဝက ပါရမီဉာဏ်က အိုး . . . သစ္စာတရား နာရပြီ၊ သစ္စာကို မြင်အောင်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ်၊ ဖြစ်ပျက်ဒုက္ခ သစ္စာကို မြင်အောင်ကြည့်နိုင်တဲ့ ပုဂ္ဂိုလ် ဘာပါရမီမှ မလိုဘူး ကွတဲ့။

သစ္စာတရား ဟောတတ်တဲ့ ဆရာနဲ့ တွေ့ဖို့ရယ် ကိုယ်က နှလုံးသွင်းမှန်လို့ သစ္စာမှန်အောင် နှလုံးသွင်းလိုက် ရင် ပြီးတာပါပဲကွ ဆိုတော့ ပါရမီ ပါသေးသလား . . . (မပါပါဘူးဘုရား) သဘောကျပလား . . . (ကျပါတယ်၊ ဘုရား)။

ကဲ - ယနေ့ ဒီတွင် တော်ကြစို့။

သာဓု . . . သာဓု . . . သာဓု။